## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး ရှိတဲ့အနက် ၃၂၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၇.၃၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစည်းအဝေးသို့ ခွင့်ပန်ကြားသူများစာရင်းကို ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြခွင့်ပြုပါရန်ပန်ကြားအပ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ

(၁) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၂ ရက်၊

(၂) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၃ ရက်၊

(၃) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်၊

(၄) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၃ ရက်၊

(၅) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၆) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၅ ရက်၊

(၇) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၃ ရက်၊

(၈) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၉) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

(၁၀) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၁၁) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၁၂) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၅ ရက်၊

(၁၃) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၄ ရက်၊

(၁၄) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၁၅) အင်ပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၂ ရက်၊

(၁၆) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ခွင့် ၅ ရက်၊

(၁၇) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၁၈) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၅ ရက်၊

(၁၉) တနင်္သာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၁ ရက်၊

(၂၀) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၃ ရက်၊

(၂၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၅ ရက်၊

(၂၂) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၂၃) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၂ ရက်၊

(၂၄) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၅ ရက်၊

(၂၅) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၅ ရက်၊

(၂၆) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၂၇) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၅ ရက်၊

(၂၈) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၂၉) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၅ ရက်၊

(၃၀) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၃၁) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၃ ရက်၊

(၃၂) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၅ ရက်၊

(၃၃) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၅ ရက်၊

(၃၄) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၃ ရက်၊

(၃၅) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၅ ရက်၊

(၃၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၅ ရက်၊

(၃၇) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၃၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၅ ရက်၊

(၃၉) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ ခွင့် ၁ ရက်၊

(၄၀) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၅ ရက်၊

(၄၁) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၁ ရက်၊

(၄၂) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၃ ရက်၊

(၄၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၄၄) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၄၅) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၁ ရက်၊

(၄၆) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၅ ရက်၊

(၄၇) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် ခွင့် ၅ ရက်၊

(၄၈) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၅ ရက်၊

(၄၉) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၅ ရက်၊

(၅၀) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၃ ရက်၊

(၅၁) တနယ်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းဝင်း ခွင့် ၅ ရက်၊

(၅၂) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၂ ရက်၊

(၅၃) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၅၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁၉ ရက်၊

(၅၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၅၆) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၅ ရက်၊

(၅၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် ခွင့် ၁ ရက်၊

(၅၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၅ ရက်၊

(၅၉) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၂ ရက်၊

**မူကြမ်း**

(၆၀) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၄ ရက်၊
(၆၁) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၅ ရက်၊
(၆၂) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊
(၆၃) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၅ ရက်၊
(၆၄) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁၉ ရက်၊
(၆၅) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၅ ရက်၊
(၆၆) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊
(၆၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၃ ရက်၊
(၆၈) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁၉ ရက်၊
(၆၉) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၅ ရက်၊
(၇၀) သန္ဒီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၅ ရက်၊
(၇၁) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊
(၇၂) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် ခွင့် ၁ ရက်၊
(၇၃) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊
(၇၄) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၅ ရက်၊
(၇၅) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊
(၇၆) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၅ ရက်၊
(၇၇) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၂ ရက်၊
(၇၈) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁၄ ရက်၊
(၇၉) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊
(၈၀) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၅ ရက်၊
(၈၁) ဘုုးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၂ ရက်၊
(၈၂) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၃ ရက်၊
(၈၃) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊
(၈၄) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၅ ရက်၊
(၈၅) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၂ ရက်၊
(၈၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

**မူကြမ်း**

(၈၇) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ် ခွင့် ၁ ရက်၊

(၈၈) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၅ ရက်၊

(၈၉) ထန်ထလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၅ ရက်၊

(၉၀) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၅ ရက်၊

(၉၁) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်နှင့်

(၉၂) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၉၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၉၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရသေ့တောင်မြို့နယ်အား လူမှုရေးခက်ခဲသော မြို့နယ်အဖြစ်သတ်မှတ်ပြီး ဝန်ထမ်းများအား လစာနှင့် ညီမျှသောငွေကို ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ရိုသေလေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ရသေ့တောင်မြို့နယ်ဟာ ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများနေထိုင်ရာ မြောက်ဘက်အစွန်ဆုံးမြို့နယ်တစ်ခုဖြစ်ပြီးတော့ ရခိုင်ပြည်နယ်ရဲ့ အဆင်းရဲဆုံးမြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုဖြစ်လာရတာဟာ လူမှုပထဝီနှင့် ရူပပထဝီအနေအထားမှာ အဓိကအကြောင်းအရင်းများစွာရှိပါတယ်။ ရသေ့တောင်မြို့နယ်ဟာ မေယုတောင်တန်းနှင့် ဩရမတောင်တန်းနှစ်ခုကြား တည်ရှိပြီး မြစ်ကြီးနှစ်စင်းဖြစ်တဲ့ မေယုမြစ်၊ မူးစေးမြစ်နဲ့ ဘင်္ဂလားပင်လယ်တို့ဖြင့် အနားသတ်ထားခြင်းနဲ့ ယင်းသဘာဝအရင်းအမြစ်တို့ကို အသုံးမချနိုင်ခြင်းတို့ဟာ မြို့နယ်၏ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေပါတယ်။ ရသေ့တောင်မြို့နယ်၏ မြောက်ပိုင်းမှစတင်ရာ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်အထိ ဘင်္ဂလီလူမျိုးများက နယ်မြေကို ဝိုင်းပတ်ထိန်းချုပ်ထားခြင်း၊ တောင်ဘက်ပိုင်း စစ်တွေမြို့တစ်ခုတည်းသို့သာလျှင် ရေလမ်းဖြင့် ထွက်ပေါက်ရှိခြင်းတို့သည်လည်း ဖွံ့ဖြိုးမှုကို အားနည်းစေသော အကြောင်းအရင်းများဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ်ဟာ ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်ပေးနိုင်ပါရန် မူဖြင့်သတ်မှတ်ထားသည့် အခြေခံအချက်အလက်များဖြစ်တဲ့ လုံခြုံရေးအခြေအနေ တည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဆက်သွယ်ရေးစနစ်ခက်ခဲခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝမရခြင်း၊ ပညာရေးစနစ်ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာမရရှိခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုနည်းပါးခြင်း၊ ရာသီဥတုဆိုးရွားခြင်း၊ လူမှုပတ်ဝန်းကျင် အခက်အခဲများရှိခြင်းစတဲ့ လူမှုရေးအနိမ့်ကျဆုံး၊ အခက်ခဲဆုံး မြို့နယ်တစ်ခုဖြစ်ပါတယ်။ ထို့အပြင် နယ်မြေဒေသတစ်ဆက်တည်း တည်ရှိနေပြီး မေယုတောင်တန်းတစ်ခုသာ ပိုင်းခြားထားတဲ့ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်များတွင် တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းများမှာ လစာနှစ်ဆ ခံစားခွင့်ရရှိနေပြီဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရသေ့တောင်မြို့နယ်အတွင်း အစိုးရတာဝန် ထမ်းဆောင်နေလျက်ရှိကြပါသော ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်များကို စိတ်ချမ်းသာ ကိုယ်ကျန်းမာထမ်းဆောင်နိုင်ကြ၍ ဒေသခံအကျိုးတိုးတက်မှုရှိစေနိုင်ရန်မျှော်မှန်းလျက် ရိုသေလေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ

တစ်ဆင့် အောက်ပါမေးခွန်းကို လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အား လူမှုရေးခက်ခဲသော မြို့နယ်အဖြစ်သတ်မှတ်၍ မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား လစာနှင့်ညီမျှသော ငွေကို ဒေသစရိတ်အဖြစ် ပြင်ဆင်ခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၅၁၃/၂၀၁၃)နဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ ဝေးလံခေါင်သီပြီးတော့ လူမှုရေးခက်ခဲတဲ့မြို့အပါအဝင် မြို့နယ်စုစုပေါင်း ၁၁၀ မှာ တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ၎င်းတို့ရဲ့လစာနှင့်ညီမျှတဲ့ငွေကို ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုခဲ့ကြောင်း သိရှိရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ကျန်ရှိတဲ့မြို့များကိုလည်း ဝေးလံခေါင်သီဒေသအဖြစ် ဆက်လက်သတ်မှတ်နိုင်ဖို့အတွက် သင့်လျော်တဲ့အချက်အလက်တွေကို ပြုစုပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကို ပေးပို့ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၁၇/၂၀၁၃)မှာ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်ကို ဝေးလံခေါင်သီရှားပါးဒေသအဖြစ်သတ်မှတ်ပေးဖို့ ဆုံးဖြတ်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက် ရက်စွဲပါစာအမှတ်၊ ပထရ/အဖခ-၂(၁၇၇၃)/ရေး ၁ နဲ့ ဝေးလံခေါင်သီပြီးတော့ လူမှုရေးခက်ခဲသောဒေသအဖြစ် ထပ်မံသတ်မှတ်ပေးနိုင်ဖို့ကို ဘဏ္ဍာရေးဝန်ကြီးဌာနကို ထောက်ခံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အပါအဝင် လူမှုရေးခက်ခဲတဲ့မြို့များကို ဒေသစရိတ်ခံစားခွင့်ပြုနိုင်ဖို့အတွက် ယခင်ဒေသစရိတ်သုံးစွဲခဲ့မှုအခြေအနေနဲ့ လက်ရှိဒေသစရိတ်အတွက် ပိုမိုသုံးစွဲရမယ့်အသုံးစရိတ်တွေကို တွက်ချက်ပြီးတော့ လက်ရှိဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေတွေအပေါ် မူတည်ကာ စိစစ်သုံးသပ်မှုများကို ပြည်ထောင်စု

အစိုးရအဖွဲ့သို့ တင်ပြရန် ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မြန်မာနိုင်ငံ ရဲဘက်အကျဉ်းစခန်းများရှိ အကျဉ်းသားများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးရတဲ့အကြောင်းကတော့ နောင်ချိုမြို့နယ်၊ ကော်ဖီစိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်းမှာ ရဲဘက်အဖြစ်လုပ်ကိုင်ခဲ့တဲ့ အောင်စိုး (ခေါ်) ထူးကျော် အခု အင်းစိန်မြို့နယ်မှာ နေပါတယ်။ ရဲဘက်စခန်းရဲ့ သူတို့ခံစားရတဲ့ ဒုက္ခအပြည့်အစုံကို စာတစ်စောင်ပေတစ်ဖွဲ့နဲ့ ပေးပို့လာပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အသေးစိတ်တော့ ကျွန်တော် ဒီမှာ မတင်ပြတော့ပါဘူး။ သို့သော် ဒီဩဂုတ်လ ၈ ရက် ၂၀၁၄ ခုနှစ်က Voice ဂျာနယ်မှာ ခင်စန်းနွယ်ဆိုတဲ့ ဆောင်းပါးရှင်ကနေ ရဲဘက်စခန်းတွေရဲ့ အခြေအနေဆိုးရွားမှုကို အသေးစိတ်ရေးသားဖော်ပြပြီးတော့ လွှတ်တော်အနေနဲ့ ဒီကိစ္စကို လုပ်သင့်တာတွေ လုပ်ပေးသင့်တယ်ဆိုပြီးတော့ ဆောင်းပါးရှင်က ဖော်ပြလာပါတယ်။ အဲ့ဒီမှာ မွန်ပြည်နယ်၊ တောင်စွန်းရဲဘက်စခန်းဆိုရင် အကျဉ်းသားတွေရဲ့အခြေအနေဟာ စားသောက်တဲ့ဘဝရော၊ နေထိုင်ရတဲ့ဘဝရောက ဆိုးရွားတဲ့အတွက် အခုဆိုရင် ကျောက်သယ်မယ့်ကားလာရင် ကားဘီးအောက်ကို ခေါင်းထိုးပြီးတော့ အသေခံရတဲ့ဖြစ်ရပ်တွေပေါ်ပေါက်နေပြီဆိုတာ Voice ဂျာနယ်မှာ ရေးသားခဲ့ပါတယ်။ ဒီ့အပြင် အကျဉ်းသူအမျိုးသမီးတွေအဖို့ဆိုရင်လည်း ကလေးကို သစ်ပင်မှာကြိုးနဲ့ချည်ပြီးတော့ ကျောက်ထုရတဲ့ဘဝ၊ အဲ့ဒီမှာ သူတို့ရဲ့အဖြစ်က အမြောက်အမြားဝမ်းကိုက်ပြီးတော့ သေနေရတဲ့အကြောင်းကိုလည်း အသေးစိတ်ရေးသားဖော်ပြလာပါတယ်။ အဲ့ဒါကြောင့် အခုဆိုရင် အကျဉ်းသားတွေက ဒီရဲဘက်စခန်းတွေကို ကျောက်ထုတာရော၊ မွေးမြူရေးရော၊ စိုက်ပျိုးရေးရော လွှတ်ကာနီးကျရင် ဟိုနေ့က ဦးစိုင်းသန်းနိုင်တင်တဲ့ Porter အဖြစ် လိုက်ခဲ့ရတဲ့အဖြစ်တွေရော၊ အားလုံး ဖြစ်ရပ်အမျိုးမျိုးကြုံနေရတဲ့အတွက် အခုရဲဘက်စခန်းတွေကို သူတို့က ဘယ်လိုတွေ နာမည်ပေးထားသလဲဆိုရင် ရောက်သေစခန်းပေါ့။ ရောက်ရင်တော့လည်း သေတာပဲပေါ့။ နောက်တစ်ခုကတော့ ဘဝသစ်စခန်းပေါ့။ ရောက်ရင် ဘဝပြောင်းရတဲ့စခန်းမျိုးဖြစ်နေတဲ့အတွက် ရဲဘက်တွေရဲ့အခြေအနေကို ကျွန်တော်တို့လွှတ်တော်က အရေးတယူပြုရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို ကျွန်တော် မေးမြန်းလိုပါတယ်။

**မူကြမ်း**

မြန်မာနိုင်ငံတွင် ရဲဘက်အကျဉ်းသားစခန်း မည်မျှရှိပြီး ရဲစခန်းများတွင် ရဲဘက်အရေ အတွက် မည်မျှရှိသည်။ ကျောက်ထုခိုင်း၊ ပေါင်းရှင်းခိုင်း၊ လမ်းဖောက်ခိုင်းသည့်လုပ်ငန်းများအပြင် ဆီအုန်းခြံ၊ ရော်ဘာခြံများတွင် အလုပ်ကြမ်းများလုပ်နေကြသော အကျဉ်းသားများကို အစာရေစာမလုံလောက်မှု၊ ရေချိုးရန်အခက်အခဲရှိမှု၊ ဆေးကုသခွင့်အခက်အခဲရှိမှုတို့ကြောင့် ရဲဘက်စခန်းဖွင့်သည့်အချိန်မှ ယနေ့အထိ ရဲဘက်စခန်းမသွားချင်သူများထံမှ ထောင်တာဝန်ခံနှင့် ထောင်ဆရာဝန်တို့မှ လာဘ်ပေးလာဘ်ယူမှုများ ရှိပါသလား။ ရှိလျှင်မည်ကဲ့သို့အရေးယူပါသနည်း။ ရဲဘက်စခန်း အပို့ခံရမှုများကို မည်သည့်စံသတ်မှတ်ချက်ဖြင့် ရွေးချယ်ပါမည်နည်း။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်က ဖွင့်ခဲ့သော ရဲဘက်စခန်းများသည် ဒီမိုကရေစီအသွင် ကူးပြောင်းမှုကာလနှင့် လူ့အခွင့်အရေးစံနှုန်းများအရ ပြုပြင်ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်သည်ကိုသိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရဲဘက်အကျဉ်းသားစခန်း မည်မျှရှိပါသနည်း။ ယင်းစခန်းများတွင် ရဲဘက်အရေအတွက် မည်မျှရှိပါသနည်းဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ၁၉၇၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှစတင်ပြီးတော့ ရဲဘက်စခန်းများကို ဖွင့်လှစ်ခဲ့ပြီးတော့ ၂၀၀၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ စခန်းပေါင်း ၃၆ ခုကို ဖျက်သိမ်းခဲ့ပါတယ်။ ဖျက်သိမ်းခဲ့တဲ့စခန်းတွေကို စိုက်ပျိုးမွေးမြူရေးစခန်းများနှင့် ကုန်ထုတ်စခန်းများအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှစတင်ပြီးတော့ ဒီစခန်းတွေကို စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများ၊ ကုန်ထုတ်စခန်းများအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမှာ ဒီနေ့အချိန်အထိ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများ၊ ကုန်ထုတ်စခန်းများ အရေအတွက် စုစုပေါင်း ၄၆ ခုရှိပြီးတော့ အကျဉ်းသားဦးရေ ၁၀၀၀၀ ကျော်ရှိပါတယ်။

ကျောက်ထုခိုင်း၊ တောရှင်းခိုင်း၊ လမ်းဖောက်ခိုင်းတဲ့လုပ်ငန်းများအပြင် ဆီအုန်းခြံ၊ ရော်ဘာခြံများတွင် အလုပ်ကြမ်းလုပ်သော အကျဉ်းသားများကို အစာရေစာမလုံလောက်မှု၊ ရေချိုးရန်အခက်အခဲရှိမှု၊ ဆေးကုသခွင့်အခက်အခဲရှိမှုတို့ကြောင့် သေဆုံးသူအရေအတွက် မည်မျှရှိသနည်းဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းလို့ ၁၉၇၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှစတင်ပြီးတော့ ရဲဘက်စခန်းတွေကို ဖွင့်လှစ်ခဲ့သော်လည်းပဲ ၂၀၀၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ စခန်း ၃၆ ခုကို ဖျက်သိမ်းပြီးနောက် လက်ရှိအစိုးရသစ်လက်ထက်မှာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများ၊ ကုန်ထုတ်စခန်းများကို အောက်ပါရည်ရွယ်ချက်များနှင့် ဖွင့်လှစ်ခဲ့ပါတယ်။ အကျဉ်းထောင်များတွင် အလဟဿ လေလွင့်ပြုန်းတီးနေသည့်အကျဉ်းသားများရဲ့လုပ်အားကို အခြေခံပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ပြီးတော့ နိုင်ငံတော်စီမံကိန်းဝင်လုပ်ငန်းများအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ပြစ်ဒဏ်ကာလကုန်ဆုံး၍ လွတ်မြောက်သောအခါမှာ အသက်မွေးဝမ်းကြောင်းပညာရပ် တစ်ခုတတ်မြောက်သွားစေရန် ရည်ရွယ်ပြီးတော့ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို လေ့ကျင့်သင်ကြားပေးရန်၊ အကျဉ်းကျခံအကျဉ်းသားစိတ်ပပျောက်ပြီးတော့ စိတ်ဓာတ်မြင့်မားလာစေရန်၊ ဒေသအလိုက် လယ်ယာမြေသစ်ဖော်ထုတ်ကာ ထွက်ပေါ်လာတဲ့ထွက်ကုန်များကို နိုင်ငံတော်နှင့် ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန်၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အမျိုးအစားကောင်းကျောက်များကို ထုတ်လုပ်ပေးရန်၊ အိုးမဲ့၊ အိမ်မဲ့၊ အလုပ်လက်မဲ့၊ လယ်ယာမြေမဲ့ အကျဉ်းသားများကို ပြစ်ဒဏ်ကျခံနေစဉ်ကာလအတွင်းနဲ့ ပြစ်ဒဏ်ကာလ ကုန်ဆုံးပြီးနောက်မှာ အိုးပိုင်၊ အိမ်ပိုင်၊ လယ်မြေပိုင်ဆိုင်ပြီးတော့ ဘဝသစ်တစ်ခုအဖြစ် အတည်တကျ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ဒီစခန်းတွေမှာ အထက်ပါရည်ရွယ်ချက်အတိုင်း ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိပြီးတော့ ပြစ်ဒဏ်ကနေလွတ်မြောက်လာတဲ့အခါမှာ ဘဝရပ်တည်မှုအတွက် လုပ်ကိုင်စားသောက်နိုင်ရန်ရည်ရွယ်ပြီးတော့ အသက်မွေးဝမ်းကြောင်းပညာရပ်များဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့်စပ်လျဉ်းလို့ စခန်းတိုင်းမှာ ကျန်းမာရေးမှူးတစ်ဦးစီ ခန့်အပ်ထားရှိပါတယ်။ ထို့အပြင် မကျန်းမာတဲ့ အကျဉ်းသားများကို နီးစပ်ရာဆေးရုံ/ဆေးရုံကြီးများသို့ တက်ရောက်ကုသခံယူခွင့်၊ ပြည်တွင်းပြည်ပကျန်းမာရေးအဖွဲ့အစည်းများ၏ စစ်ဆေးကုသခံယူခွင့်များကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိပါ

တယ်။ ဆေးဖိုးကုန်ကျငွေတွေကို အကျဉ်းသားများမှ ကျခံရန်မလိုအပ်ဘဲ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ အခမဲ့ကုသပေးလျက်ရှိပြီးတော့ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ စခန်း ၄၆ ခုအတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၃၆၀၅၉၆၉၂ ကျပ် သုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ICRC မှ အကျဉ်းသား အကျဉ်းသူများအတွက် ပထမအကြိမ် ၁၃-၁၁-၂၀၁၃ ရက်နေ့မှာ ဆေးဝါးမျိုးစုံ ၃၁ မျိုး တန်းဖိုးငွေ ၇၅၆၇၇၈၇၀ ကျပ်အားလည်းကောင်း၊ ဒုတိယအကြိမ် ၂၆-၇-၂၀၁၄ ရက်နေ့မှာ ဆေးဝါးမျိုးစုံ ၃၉ မျိုး တန်ဖိုးငွေ ၉၂၁၆၅၇၆၆ ကျပ်အားလည်းကောင်း လှူဒါန်းခဲ့ပါတယ်။ ဒီဆေးဝါး တွေကိုလည်း စခန်းများကိုဖြန့်ဝေပြီးတော့ သုံးစွဲလျက်ရှိပါတယ်။ ၁၉၇၈ ခုနှစ်မှ ရဲဘက်စခန်းများ ဖျက်သိမ်းခဲ့တဲ့ ၂၀၁၄ ခုနှစ်အထိ ရဲဘက်များသေဆုံးမှုမှာ ၄၁၈၇ ဦးရှိတဲ့အတွက် တစ်နှစ်မှာ ပျမ်းမျှ ၁၆၁ ဦး သေဆုံးခဲ့ပါတယ်။ ရဲဘက်စခန်းများဖျက်သိမ်းပြီးတဲ့နောက် ၂၀၀၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့အထိ စိုက်ပျိုးမွေးမြူရေးစခန်းများနှင့် ကုန်ထုတ်စခန်းတွေမှာ အကျဉ်းသားသေဆုံးမှုမှာ ၉၉၉ ဦးရှိတဲ့အတွက် တစ်နှစ်မှာပျမ်းမျှ ၁၄၂ ဦး သေဆုံးခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ စိုက်ပျိုးမွေးမြူရေးနှင့် အသက် မွေးမှုအတတ်သင် စခန်းတွေ ကုန်ထုတ်စခန်း ၄၆ ခုမှာ သေဆုံးမှုမှာ ၁၂၀ ဦးရှိတဲ့အတွက် တစ်နှစ် လျှင်ပျမ်းမျှ ၃၆ ဦး၊ စခန်းတစ်ခုလျှင် ၀.၇၈ ဦး သေဆုံးခဲ့ကြောင်း တွေ့ရှိရပါတယ်။ သေဆုံးတဲ့ အကြောင်းအရာများမှာ စခန်းများကိုရောက်ရှိပြီးတော့ ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျော ညီထွေစွာ မနေထိုင်နိုင်ခြင်း၊ အစားအသောက်အနေအထိုင်လွဲမှားခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာ ရရှိခြင်း စတဲ့အကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်ပြီးတော့ အစာရေစာမလုံလောက်မှု၊ ရေချိုးရန် အခက်အခဲရှိမှု၊ ဆေးဝါးကုသရန်အခွင့်အရေးမရရှိတဲ့အတွက် သေဆုံးမှုများမရှိခဲ့ပါ။

ရဲဘက်စခန်းမသွားသူချင်များထံမှာ ထောင်တာဝန်ခံနှင့် ထောင်ဆရာဝန်တို့မှ လာဘ်ပေး လာဘ်ယူမှုများရှိပါသလား။ ရှိလျှင်မည်ကဲ့သို့အရေးယူပါသနည်း။ ရဲဘက်စခန်းအပို့ခံရမှုကို မည်သည့်စံသတ်မှတ်ချက်နှင့် ရွေးချယ်ပါသနည်းဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ အကျဉ်းသားတွေကို စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများ၊ ကုန်ထုတ်စခန်းတွေကို စေလွှတ်တဲ့နေရာ မှာ အောက်ဖော်ပြပါစည်းကမ်းများအတိုင်း အဆင့်ဆင့်စိစစ်ရွေးချယ်၍ စေလွှတ်ပါတယ်။ သက်ဆိုင် ရာဆရာဝန်၊ ကျန်းမာရေးမှူးများရဲ့ ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်ရရှိသူများကိုသာ စေလွှတ်ပါတယ်။ အကျဉ်းထောင်မှာ နေသားကာလ အနည်းဆုံး လေးလ သတ်မှတ်ထားပြီးတော့ သွားရောက်လိုတဲ့သူများပြားလို့ရှိရင် နှစ်လအထိ လျှော့ချပေးပါတယ်။ ကျခံရန် ကျန်ကာလ ၁၅

နှစ်အောက် အကျဉ်းသားများကို စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများသို့လည်းကောင်း၊ ကျခံရန်ကျန်ကာလ ၂ဝ နှစ်အောက် အကျဉ်းသားများကို ကုန်ထုတ်စခန်းများသို့လည်းကောင်းရွေးချယ်စေလွှတ်ပါတယ်။ အသက် ၁၈ နှစ်အောက် လူငယ်အကျဉ်းသား၊ အသက် ၆ဝ နှစ်အထက် အသက်ကြီးအကျဉ်းသား၊ ကိုယ်အင်္ဂါချို့တဲ့ပြီးတော့ မသန်မစွမ်းဖြစ်နေတဲ့အကျဉ်းသား၊ နိုင်ငံခြားသားနှင့် နိုင်ငံသားမဟုတ်သူအကျဉ်းသား၊ စခန်းများမှ နှစ်ကြိမ်အထိ ထွက်ပြေးတဲ့အကျဉ်းသားများကိုတော့ ရွေးချယ်စေလွှတ်ခြင်းမပြုပါဘူး။ အကျဉ်းသားများကို စခန်းသို့မစေလွှတ်မီမှာ ၎င်းတို့၏ ကိုယ်ရေးအချက်အလက် ထောင်ပုံစံ ၃၂ တို့ကို သက်ဆိုင်ရာထောင်မှူးနှင့် ထောင်မှူးကြီးတို့နဲ့ အဖွဲ့နဲ့စစ်ဆေးပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အကျဉ်းဦးစီးမှူးရုံးသို့ တင်ပြရပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အကျဉ်းဦးစီးမှူးရုံးကနေ အဖွဲ့နဲ့စိစစ်ပြီးတော့မှ အကျဉ်းဦးစီးဌာနကို တင်ပြပြီးတော့ အကျဉ်းဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီမှ စိစစ်ဆုံးဖြတ်ချက်နှင့် စခန်းများကို စေလွှတ်ဖို့အတည်ပြုရွေးချယ်တာဖြစ်ပါတယ်။

အချို့အကျဉ်းသားတွေအနေနဲ့ စခန်းမှာအလုပ်လုပ်ရသော်လည်းပဲ ပြင်ပပတ်ဝန်းကျင်ကို တွေ့မြင်ခွင့်ရခြင်း၊ တစ်လလျှင် မိသားစုနှင့် ညအိပ်ညနေ သုံးရက် နေထိုင်ခွင့်ရရှိခြင်း၊ ထိုကာလအတွင်းမှာ အလုပ်နားရက်ရရှိခြင်း၊ လျှော့ရက်အပြည့်အဝရရှိခြင်း၊ ကိုယ်တိုင်စိုက်ပျိုးထားတဲ့သီးနှံတွေကို လတ်ဆက်စွာစားသုံးခွင့်ရရှိခြင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို သင်ယူခွင့်ရရှိခြင်းတို့ကြောင့် သွားရောက်ရန်ဆန္ဒပြုသူများလည်း ရှိပါတယ်။ ဒီစခန်းတွေမှာ အကျဉ်းသားတွေကို အလုပ်လုပ်သောနေ့ကိုတွက်ပြီးတော့ တစ်ရက်မှာ ငွေ ၂ဝဝ ကျပ်နှုန်းနဲ့ လုပ်အားရှင်ခံစားခွင့်များကိုလည်းပေးထားပါတယ်။ ပြစ်ဒဏ်ခံစားနေစဉ်ကာလအတွင်းမှာ ရသင့်တဲ့လုပ်အားရှင် ခံစားခွင့်များကို ဘဏ်မှာ စုဆောင်းထားပေးပြီးတော့ လွတ်ရက်စေ့တဲ့အခါမှာ တစ်ပါတည်း ထုတ်ပေးပါတယ်။ ၂ဝ၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂ဝ၁၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ အထိ ပြစ်ဒဏ်စေ့လို့ လွတ်မြောက်တဲ့ အကျဉ်းသား ၅ဝ၁၉ ဦးအတွက် လုပ်အားရှင်ခံစားခွင့်ငွေ စုစုပေါင်း ၂၁၈၈ဝ၉၇၄ဝဝ ကျပ်ကို ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများ၊ ကုန်ထုတ်စခန်းများကို အကျဉ်းသားများ စေလွှတ်ခြင်းနှင့်စပ်လျဉ်းလို့ ထောင်တာဝန်ခံနှင့် ထောင်ဆရာဝန်များကို တိုင်ကြားမှုများမရှိပါ။ ထောင်တာဝန်ခံနှင့် ထောင်ဆရာဝန်များအနေနဲ့ သတ်မှတ်ထားတဲ့စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိလျှင်သော်လည်းကောင်း၊ တိုင်ကြားမှုများရှိလျှင်လာလျှင်သော်လည်းကောင်း၊ စုံစမ်းစစ်ဆေးပြီးတော့မှ မှန်ကန်ကြောင်း စိစစ်ပေါ်ပေါက်

လာပါက ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅) နိုင်ငံ့ဝန်ထမ်းများဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တော်လှန်ရေးကောင်စီအစိုးရလက်ထက်က ဖွင့်ခဲ့တဲ့ ရဲဘက်စခန်းများဟာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလနှင့် လူ့အခွင့်အရေးစံနှုန်းများအရ ပြုပြင်ပြောင်းလဲပေးရန်အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းလို့ ရဲဘက်စခန်းများကို ဖျက်သိမ်းပြီးတော့ လက်ရှိအစိုးရသစ်လက်ထက်မှာ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနရဲ့ အဓိကရည်မှန်းချက်တာဝန်မှာ တည်ဆဲဥပဒေကို ချိုးဖောက်ပြီးတော့ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားတွေကို လုံခြုံစွာထိန်းသိမ်းရခြင်းဖြစ်ပါတယ်။ အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသားများကို ပြစ်ဒဏ်ပေးခြင်းမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများအား ကုန်ထုတ်လုပ်မှုစခန်းများတွင် အကျဉ်းသားများအား မိမိတို့ယုံကြည်ရာ ဘာသာအလိုက် ဝတ်ပြုကိုးကွယ်စေပါတယ်။ ပြင်ပမှလည်း သက်ဆိုင်ရာဘာသာရေးဆရာတွေက စခန်းအတွင်းမှာရှိတဲ့ ဘာသာဝင်များကို တရားဟောရန်နှင့် ဘာသာရေးပွဲများပြုလုပ်ရန် တင်ပြလျှောက်ထားလာပါက စိစစ်ပြီးတော့ ခွင့်ပြုပေးလျက်ရှိပါတယ်။ ထို့အပြင် စခန်းများမှာ စာကြည့်တိုက်၊ TV များထားရှိပေးတဲ့အပြင် အလုပ်ပိတ်ရက်တွေမှာလည်း နားနေချိန်တွေမှာ Video ပြသပေးပါတယ်။ အကျဉ်းသားများ စာဖတ်ဝိုင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အကျဉ်းသားများရဲ့ ကျန်းမာရေး၊ ကြံ့ခိုင်ရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုရှိရေးအတွက် မိုးရာသီ၊ ဆောင်းရာသီ အားကစားပြိုင်ပွဲတွေ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲတွေကိုလည်း ကျင်းပပေးလျက်ရှိပါတယ်။ စခန်း ၃၉ ခုမှာ ပြည်ထောင်စုအစိုးရဘဏ္ဍာရန်ပုံငွေနှင့်လည်းကောင်း၊ ICRC အပါအဝင် အလှူရှင်များရဲ့အကူအညီနှင့်လည်းကောင်း ကာလတန်ဖိုးငွေကျပ် ၉၂၄.၀၈၃ သန်းတန်ဖိုးရှိတဲ့ ရေသန့်စက်ရုံများကိုလည်း ဆောက်လုပ်ပေးထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၅/၂၀၁၃)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ ခရိုင်တရားသူကြီးများကလည်း အကျဉ်းသားများဥပဒေနှင့်အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးများခံစားနိုင်စေရန်အတွက် ယနေ့အချိန်အထိ စခန်းပေါင်း ၂၈ ခုကို ဝင်ရောက်စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Ms.Tomas Ojea Quintana

နှင့် Ms.Yanghee Lee တို့ကိုလည်း အကျဉ်းထောင်များသို့ ဝင်ရောက်လေ့လာကြည့်ရှုခြင်းများကို ခွင့်ပြုပေးလျက်ရှိပြီးတော့ စခန်းများကို ဝင်ရောက်လေ့လာဖို့ တောင်းဆိုမယ်ဆိုလို့ရှိရင်လည်း ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC ကလည်း ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ အထိ စခန်း ၁၁ ခုကို သွားရောက်ပြီးတော့မှ အကျဉ်းသားအခွင့်အရေးအပြည့်အဝရရှိရေးအတွက် ဝင်ရောက်ကြည့်ရှုလေ့လာခဲ့ပြီး အကျဉ်းသားများနှင့် လွတ်လပ်စွာတွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရဲ့ အကြံပြုချက်များကိုလည်း ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်ပတ်သက်လို့ ကုသသမဂ္ဂမှ ထုတ်ပြန်ထားတဲ့ အနိမ့်ဆုံးထားရှိရမယ့်အခြေခံစည်းမျဉ်းနှင့်အညီ ခံစားခွင့်ရရှိစေရေးလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အကျဉ်းထောင်လက်စွဲဥပဒေအပိုဒ် ၉၉၁ နှင့်အညီ အကျဉ်းသားတစ်ဦးစီရဲ့နေရာထိုင်ခင်းများကို စီစဉ်ပေးထားပါတယ်။ အကျဉ်းထောင်လက်စွဲဥပဒေ အပိုဒ် ၅၁ နှင့်အညီ စခန်းတွေမှာ တာဝန်ခံအရာရှိကနေ အပတ်စဉ်တနင်္လာနေ့တိုင်း တန်းစီစစ်ဆေးပြီးတော့ အကျဉ်းသားများရဲ့ ကိုယ်ရေးကိုယ်တာအခက်အခဲများကို တင်ပြချက်များနှင့် တိုင်တန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် အကျဉ်းသားများကို ပြစ်ဒဏ်ကာလတိုတောင်းစေရန်အတွက် လျှော့ရက်များခံစားခွင့်ပြုခြင်းဟာလည်း အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီးတော့မှ လူ့အခွင့်အရေးစံနှုန်းများအရ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နောက်ကျလို့ရှိရင် သိချင်တဲ့အချက်ကို အချိန်ဝင်အောင်ဆောင်ရွက်မယ်ဆိုလို့ရှိရင် Slide ကားချပ်နဲ့သာ ဒီလိုလုပ်ထားပါလို့ တင်ပြပါတယ်။ အချိန်တွေများစွာ အကုန်ခံပြီးတော့ မလိုတဲ့ဟာတွေကို မရှင်းပြပါနဲ့။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၄၄ ပုဒ်မခွဲ(ဃ)အရ လိုရင်းပဲ ကျွန်တော် မေးပါမယ်။ အခု ဒုတိယဝန်ကြီးဖြေကြားချက်အရကို လူ ၄၀၀၀ ကျော်သေခဲ့တယ်။ သူတို့တွေဟာ ပြစ်မှုကျူးလွန်တာ တစ်ပိုင်းပါ။ သို့သော် ကိုယ့်နိုင်ငံသားတွေဖြစ်ပါတယ်။ အဲ့ဒီအပြင် အခု မနေ့တစ်နေ့က ဒီအောက်တိုဘာလ အတွင်းမှာ ထုံးဖိုကျောက်ထုစခန်းမှာ ပေ ၁၅၀ မြင့်တဲ့ တောင်ပေါ်ကို ကျောက်ထုခိုင်းတဲ့အတွက် အမြင့်ပေ ၁၃၀ ကနေ ခြေချော်ပြီးတော့ ကျောက်စမှန်ပြီး သေဆုံးတဲ့သတင်းတွေလည်း ပူပူနွေးနွေးထွက်ပေါ်နေပါတယ်။ အဲ့ဒါကြောင့် တစ်ချိန်တုန်းက အိမ်နီးချင်းနိုင်ငံကြီးတစ်ခုရဲ့ ရဲဘက်စခန်းတွေကို၊ လုပ်အားပေးစခန်းတွေကို အတု

ယူပြီး တည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့ အခု ရဲဘက်စခန်းတွေဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄ အရ လူ့ဂုဏ်သိက္ခာကိုညှိုးနွမ်းနေတဲ့ ပြစ်ဒဏ်တွေပေးတဲ့ နေရာသဘောမျိုး သက်ရောက်နေတဲ့ အတွက် ခုနက ၃၆ ခု ရဲဘက်စခန်းတွေဖျက်သိမ်းခဲ့သလို ကျန်တဲ့ ရဲဘက်စခန်းများကို ဖျက်သိမ်းဖို့၊ အခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်မှုရှိဖို့၊ ပြန်လည်သုံးသပ်စဉ်းစားဖို့ ပြည်ထဲရေးဝန်ကြီးဌာနအနေ နဲ့အစီအစဉ်ရှိပါသလား။ အထူးသဖြင့် လွှတ်တော်ကို ဒီလွှတ်တော်သက်တမ်းအတွင်း တင်ဖို့ဆောင် ရွက်နေတဲ့ အကျဉ်းထောင်ဥပဒေသစ်မှာရော ဒီလိုအချက်အလက်များကို ထည့်သွင်းပြီးတော့ပြဋ္ဌာန်းဖို့ အစီအစဉ်ရှိပါသလားဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေနိုင်ရင်ဖြေပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒီရဲဘက်စခန်းများကို ၁၉၇၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ကနေ ဖွင့်လှစ်ခဲ့သော်လည်းပဲ ၂၀၁၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ ၃၆ ခုကို ဖျက်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒီဖျက်သိမ်း ခဲ့တဲ့စခန်းတွေကို ကျွန်တော်တို့က စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများ၊ ကုန်ထုတ်စခန်းများအဖြစ် ပြောင်းလဲပြီးတော့မှ ဖွဲ့စည်းထားပါတယ်။ အခုလောလောဆယ်မှာ ၄၆ ခု ရှိပါတယ်။ အဲဒီတော့ ဒီစခန်းတွေရဲ့ ဖွဲ့စည်းထားတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တဲ့အခြေအနေတွေ ကိုလည်း ကျွန်တော် စောစောက အကျယ်ရှင်းလင်းတင်ပြသွားပြီးဖြစ်ပါတယ်။ လက်ရှိအနေအထား အရ ဒီအကျဉ်းသားတွေရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေတဲ့ပြစ်စဉ်မျိုး ဒီလိုမျိုးဖြစ်အောင် ဒီအကျဉ်း ဦးစီးဌာနအနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့အနေအထားမှာလည်း မရှိပါဘူး။ ဒါကြောင့်မို့လို့ အခု လက်ရှိဖွဲ့စည်းထားတဲ့ ဒီအသက်မွေးမှုအတတ်သင်စခန်းတွေ၊ ကုန်ထုတ်စခန်းတွေ စုစုပေါင်း ၄၆ ခုကို လက်ရှိအနေအထားမှာ ဖျက်သိမ်းဖို့အတွက် အစီအစဉ်မရှိသေးပါကြောင်းလည်း လာမယ့် အသစ် ရေးဆွဲလျက်ရှိတဲ့ အကျဉ်းထောင်ဥပဒေနှင့်ပတ်သက်ပြီးတော့လည်း ဒီအကျဉ်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ ကုန်ထုတ်စခန်းတွေနဲ့ ပတ်သက်ပြီးတော့ ဒီအကျဉ်းထောင်ဥပဒေ ထဲမှာ ထည့်သွင်းရေးဆွဲထားပါကြောင်း ဆက်လက်ပြီးတော့ နည်းဥပဒေကို ထုတ်ပြန်တဲ့အချိန်မှာလည်း ဒီစခန်းတွေနဲ့ပတ်သက်ပြီးတော့မှ အသေးစိတ်လိုက်နာရမယ့်အချက်တွေ ရပိုင်ခွင့်အခွင့်အရေးတွေ ကိုလည်း ထည့်သွင်းပြုစုဆောင်ရွက်ဖို့ စီစဉ်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။

**အရည်အသွေးမမီသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများသုံးစွဲနေမှုများကြောင့် သီးနှံများ ဆုံးရှုံးပျက်စီးနေရမှုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြသန်း၊ ညောင်တုန်းမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ တောင်သူလယ်သမားများအနေနဲ့ အရည်အသွေးမမီတဲ့ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများသုံးစွဲနေမှုများကြောင့် သီးနှံများဆုံးရှုံးပျက်စီးနေတဲ့ အခြေအနေနဲ့ စပ်လျဉ်းပြီး တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ ပိုးသတ်ဆေးဥပဒေနှင့် နည်းဥပဒေများဟာ တောင်သူလယ်သမားများရဲ့ နစ်နာမှုကို အကာအကွယ်ပေးတဲ့ ပုဒ်မများ မပါရှိသေးပါသဖြင့် တောင်သူလယ်သမားများ၏ သီးနှံများနှင့် ငွေကြေးများဆုံးရှုံးမှုကို အကာအကွယ်မပေးနိုင်ခြင်းဘဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအနေနဲ့ ပိုးသတ်ဆေးများကို ရည်ညွှန်းပါအတိုင်း အသုံးပြုသော်လည်း ပိုးများမသေတဲ့အတွက် သီးနှံများဆုံးရှုံးပျက်စီးခဲ့ရခြင်း၊ ပေါင်းသတ်ဆေးကို အသုံးပြုသော်လည်း ပေါင်းများ၊ မြက်များမသေတဲ့အတွက် ငွေကြေးဆုံးရှုံးနစ်နာမှုများ ခံစားနေရပါတယ်။ တည်ဆဲဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေများမှာ နစ်နာဆုံးရှုံးမှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများ ပြဋ္ဌာန်းပေးထားခြင်းမပါရှိသေးပါ။ ဒါ့ကြောင့် အရည်အသွေးမမီသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော သီးနှံတန်ဖိုးနှင့် ဆေးဖိုးများကို သက်ဆိုင်ရာဆေးအရောင်းဆိုင် သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် ကုမ္ပဏီများက နစ်နာသူတောင်သူလယ်သမားများအား ပေးလျော်ရမည်လို့ ဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်နေပြီဖြစ်ပါတယ်။ အကယ်၍ ဖြည့်စွက်ပြင်ဆင်ခြင်းမပြုနိုင်ပါက တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများအား ပြဋ္ဌာန်းခဲ့စေကာမူ တောင်သူလယ်သမားများအနေဖြင့် နစ်နာဆုံးရှုံးနေရဦးမည် ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥက္ကဋ္ဌကြီးကတစ်ဆင့် တောင်သူလယ်သမားများအကျိုးငှာ မေးမြန်းလိုတဲ့မေးခွန်းကတော့ မေးခွန်း(၁)ယနေ့တောင်သူလယ်သမားများသည် အရည်အသွေးမမီသော ပိုးသတ်ဆေး သို့မဟုတ် ပေါင်းသတ်ဆေးများသုံးစွဲနေမှုများကြောင့် သီးနှံများဆုံးရှုံးပျက်စီးနေရမှုနှင့် ဆေးတန်ဖိုးများ ကုန်ကျနေရသည်ကို သိပါသလား။ မေးခွန်း(၂) တည်ဆဲပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေများတွင်

အရည်အသွေးမမီသော ပိုးသတ်ဆေးများ သို့မဟုတ် ပေါင်းသတ်ဆေးများ သုံးစွဲမှုများကြောင့် နစ်နာဆုံးရှုံးပျက်စီးသွားသော သီးနှံများ၏နစ်နာမှုနှင့် ဆေးတန်ဖိုးများအား အကျိုးခံစားခွင့်ရရှိရန် ဥပဒေတွင် ပြဋ္ဌာန်းချက်မပါရှိသည်ကို သိပါသလား။ မေးခွန်း(၃) တောင်သူလယ်သမားများအကျိုးငှာ တည်ဆဲပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေများကို တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနက ပြင်ဆင်ပေးရန် အစီအစဉ်ရှိပါသလား။ မေးခွန်း(၄) ပြင်ဆင်ပေးရန်မရှိပါက လွှတ်တော်က တောင်သူလယ်သမားများအကျိုးငှာ တည်ဆဲပိုးသတ်ဆေးဥပဒေအား ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်းရဲ့ မေးမြန်းချက်အပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော်မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်း(၁)အနေနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တည်ဆဲပိုးသတ်ဆေးဥပဒေနှင့် နည်းဥပဒေများတွင် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများ တင်သွင်းခွင့်ပြုရာ၌ သတ်မှတ်ထားသော အရည်အသွေးနှင့် ကိုက်ညီသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများတင်သွင်းရန် စနစ်တကျမှတ်ပုံတင်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ကို ပိုးသတ်ဆေးဥပဒေပုဒ်မ ၁၂ မှ ၁၆ အထိ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး တရားမဝင်သောပစ္စည်းများ ရောင်းချခြင်းမပြုရန် ပိုးသတ်ဆေးဥပဒေပုဒ်မ ၃၀ မှ ၄၀ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ တားမြစ်ခြင်းနှင့် ဥပဒေပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက စီရင်ခြင်းခံရမည့် ပြစ်ဒဏ်များကို ပုဒ်မ ၄၁ မှ ၄၃ အထိ သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ထို့အပြင် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများကို တင်သွင်းလိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီစသည်တို့မှ မှတ်ပုံတင်လျှောက်လွှာ

များကို စိစစ်ခြင်း၊ ပြဋ္ဌာန်းထားသော ဥပဒေနှင့်ညီညွတ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ပါဝင်ဖွဲ့စည်းထားသော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ မှတ်ပုံတင်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒုတိယမေးခွန်းနှင့်ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များကိုလည်း ပိုးသတ်ဆေးဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ(ဂ) တွင် လိုင်စင်လျှောက်ထားစဉ် တင်ပြခဲ့သည့် အဆိပ်ရှိပစ္စည်း ပါဝင်မှုရာခိုင်နှုန်းအတိုင်း ပြည့်မီအောင် ဖော်စပ်ရမည်။ ပုဒ်မခွဲ(ဃ)တွင် ဖော်စပ်သည့် ပိုးသတ်ဆေးအတွက် သုံးစွဲရန်အညွှန်းစာတွင် ပိုးသတ်ဆေးအမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သည့် ပိုးများ၊ အဆိပ်သင့်နိုင်မှု အဆင့်အတန်း၊ အသုံးပြုနိုင်မည့် ဆေးအချိုးအစားတို့အပြင် အဆိပ်သင့်နိုင်မှု အန္တရာယ်မှကင်းရှင်းရန် နည်းလမ်းများကိုလည်း ဖော်ပြရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၂၅ ပုဒ်မခွဲ(ဃ)တွင် ရောင်းချသည့် ပိုးသတ်ဆေးများ၏ အာနိသင်ကျဆင်းစေရန် အခြားအရာဝတ္ထုပစ္စည်းတစ်စုံတစ်ရာနှင့် ရောနှောခြင်း၊ ပြုပြင်ခြင်း၊ မမှန်မကန် ကြော်ငြာရောင်းချခြင်းမပြုလုပ်ရဟု အတိအလင်းပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

အထက်ဖော်ပြပါ ပိုးသတ်ဆေးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်အသီးသီးမှ သီးနှံကာကွယ်ရေးတာဝန်ခံများနှင့် ရုံးချုပ်မှ နယ်လှည့်စစ်ဆေးရေးအဖွဲ့မှ ဆေးအမျိုးအစားပေါင်း ၁၀၄၅ မျိုးအား ကွင်းဆင်းနမူနာရယူ၍ ဓာတ်ခွဲခန်းတွင် စစ်ဆေးခဲ့ရာ စံချိန်စံညွှန်းမပြည့်မီသော ပိုးသတ်ဆေးအမျိုးအစား ၆၅ မျိုး စစ်ဆေးတွေ့ရှိခဲ့ပြီး ၎င်းတို့အား ပစ္စည်းများ သိမ်းဆည်းဖျက်ဆီးခြင်း၊ တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်း၊ သီးနှံထိခိုက်မှုအတွက် လျော်ကြေးငွေများပေးအပ်စေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

တတိယမေးခွန်းနှင့်ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ရှေးရှု၍ ခေတ်နှင့်လျော်ညီမှုမရှိသည့် မြေသြဇာဥပဒေကိုလည်းပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့ ဆက်လက်ပေးပို့ရန် ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကိုလည်းပြဋ္ဌာန်းခဲ့ပြီး အဆိုပါ ဥပဒေပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၀ ပုဒ်မခွဲ(စ)တို့တွင် စံချိန်စံညွှန်းအာမခံချက်ချို့ယွင်းမှု၊ မကိုက်ညီမှုကြောင့် တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များ ထိခိုက်ပျက်စီးခြင်းအရင်းအနှီးများဆုံးရှုံးခြင်းတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန်

ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ပိုးသတ်ဆေးများ၊ ရောဂါသတ်ဆေးများ၊ ပေါင်းသတ်ဆေးများနှင့် အဆိပ်ရှိပစ္စည်းများကို သုံးစွဲသူ တောင်သူလယ်သမားများသုံးစွဲရာ၌ ထိရောက်မှုရှိပြီး အကျိုးကျေးဇူးခံစားရရှိစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဝန်ထမ်းများအနေဖြင့် ကျေးရွာအထိ ကွင်းဆင်းပြီး ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အပြင် တောင်သူလယ်သမားများ အကျိုးစီးပွားအတွက် အရည်အသွေးနှင့် စံချိန်စံညွှန်းမပြည့်မီသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေသြဇာအတုအပများ ဈေးကွက်တွင် ရောင်းချမှုမရှိစေရေးအတွက် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ တောင်သူလယ်သမား ကဏ္ဍရုပ်သံလိုင်း (Farmer Channel)၊ သတင်းစာများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အပတ်စဉ် ထုတ်ဝေသော လယ်ယာစီးပွားသတင်းစာစောင်တို့တွင် အချိန်နှင့်တစ်ပြေးညီ နှိုးဆော်ချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။

မေးခွန်း(၄) နှင့်ပတ်သက်ပြီး လက်ရှိတည်ဆဲပိုးသတ်ဆေးဥပဒေမှာ ၁၉၉၀ ပြည့်နှစ် မေလတွင် စတင်ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပြီး ခေတ်ကာလနှင့်လျော်ညီသော ဥပဒေတစ်ရပ်ဖြစ်စေရန်အတွက် နိုင်ငံတကာ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော ပိုးသတ်ဆေးဥပဒေများ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) ၏ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ပြုစု၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်ဖြင့် ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။

တည်ဆဲပိုးသတ်ဆေးဥပဒေ ပုဒ်မ ၄၁ မှ ၄၃ တွင်ပါရှိသော ပြစ်မှုများအလိုက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်များမှာလည်း ခေတ်နှင့်လျော်ညီမှုမရှိတော့သဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များအား ကျူးလွန်ဖောက်ဖျက်သူများကို ထိရောက်သည့် ပြစ်ဒဏ်များချမှတ်နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်သည့် ဥပဒေတွင် ဥပဒေပုဒ်မ ၃၇ မှ ၃၉ အထိ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ အပြန်အလှန်ညှိနှိုင်းပြင်ဆင်စိစစ်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားအကျိုးနဲ့ပတ်သက်လို့ ပထမ ကျွန်တော်မေးထားတဲ့ မေးခွန်းလေးခုမှာ ဝန်ကြီးအနေနဲ့ ပထမမေးခွန်း ဖြေဆိုသွားတာမတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ တစ်စပ်တဆက်တည်း ကျွန်တော်ပြန်လည်ပြီးတော့ မေးမြန်းတင်ပြလိုတာက ဒီကနေ့ဖြစ်နေတဲ့အခြေအနေ ဖြစ်ပါတယ်။ ကျွန်တော်

ကိုယ်တိုင်သည်ပင်လျှင် ကျွန်တော် ၈ ဧကပြောင်းစိုက်ပျိုးတဲ့အခါမှာ အရည်အသွေးမမီတဲ့ ပိုးသတ်ဆေးတွေကြောင့် ၁၈ သိန်းခန့် ဆုံးရှုံးသွားခဲ့ပြီးဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ တောင်သူလယ်သမားများဟာ ဒီလိုပဲ အရည်အသွေးမမီတဲ့ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ သုံးစွဲနေမှုကြောင့် သီးနှံများဆုံးရှုံးပျက်စီးနေရမှုနဲ့ ဆေးတန်ဖိုးများ ကုန်ကျနေရတယ်ဆိုတာကို ဝန်ကြီးဌာနအနေနဲ့ သိပါသလားဆိုတဲ့အချက်ကို ဆက်စပ်ပြီးတော့ ပြန်လည်ပြီးတော့ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပိုးသတ်ဆေးနဲ့ အခြားပစ္စည်းများနဲ့ပတ်သက်ပြီးတော့ အသုံးပြုမှုနဲ့ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းဖြေကြားသွားတဲ့အထဲမှာလည်း ကျွန်တော်တို့ Mobile Team အနေနဲ့ မြို့နယ်တွေ၊ တိုင်းတွေမှာ အားလုံးစီစဉ်ပြီးတော့ လိုအပ်တာကို အရေးယူလျက်ရှိပါတယ်ဆိုတာကို ဖော်ပြထားပြီးဖြစ်ပါတယ်။ ယခုကိစ္စမှာလည်း ကျွန်တော်တို့ အကယ်၍များ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို ထိခိုက်မှုတစ်စုံတစ်ရာရှိတယ်ဆိုရင် အဲဒီပစ္စည်းကို ကျွန်တော်တို့ဆီကို ပေးပို့ပြီးတော့၊ ကျွန်တော်တို့ စိစစ်ပြီးတော့ ဒါကို အရေးယူမှုဆောင်ရွက်ပေးသွားမယ်ဆိုတဲ့အကြောင်းလည်း ကျွန်တော် တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးအောင်မြသန်းအနေနဲ့ မိမိကိုယ်တိုင် ထိခိုက်ဆုံးရှုံးခဲ့တယ်လို့ ဆွေးနွေးသွားတာရှိပါတယ်။ ဒါမှန်တယ်ဆိုလို့ရှိရင် ဖြစ်စဉ်အကြောင်းအရာကို သက်ဆိုင်ရာကို တင်ပြဆောင်ရွက်ဖို့လည်းလိုပါတယ်။

**အချင်းဖြစ်မြေအား အဆင့်ဆင့်လက်ဆင့်ကမ်းရောင်းချပေးခဲ့ခြင်းကို တရားမဝင် မှတ်ပုံတင်ပေးခဲ့သည့် စာချုပ်စာတမ်းဦးစီးများ၏ လုပ်ရပ်သည့် ဥပဒေနှင့်ညီ/မညီနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို (ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်မေးမြန်းမှာကတော့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ ရက်စွဲနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေပြီးမှ ဖြေကြားတဲ့စာအပေါ်မှာ ကျွန်တော်ပြန်လည်ရှင်းလင်းတင်ပြတာနဲ့ ဖြေဆိုရန်တာဝန်ရှိတဲ့ လယ်ယာစိုက်ပျိုးရေးနဲ့စိုက်ပျိုးရေးဝန်ကြီးဌာနက ဖြေဆိုဖို့အတွက်ကို ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ၂၉ လမ်းနဲ့ ၂၈ လမ်းကြား၊ ၇၉ လမ်း၊ အိမ်အမှတ် ၉၆ မှာနေထိုင်တဲ့ ဒေါ်ဥမ္မာသိန်းမှ သူရဲ့ နစ်နာမှုအတွက်ကို ကော်မတီကို

အကြိမ်ကြိမ်တင်ပြလာပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးကလည်းပဲ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်မှာရှိတဲ့ မ-၉/ ဦးပိုင်(၁၉)/ ဦးအောင်လှဝင်း အမည်ပေါက်တဲ့ ဂရန်မြေနဲ့ပတ်သက်ပြီးတော့မှ အမှုဖြစ်စဉ်မှာ တရားရုံးအချို့၊ အုပ်ချုပ်ရေးအာဏာပိုင်အချို့နဲ့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတို့ကနေပြီးမှ ဥပဒေနဲ့မညီဘဲ ပါဝင်စွက်ဖက်ခဲ့တဲ့အတွက် နစ်နာမှုများကို ဤလွှတ်တော်ကြီးမှာမေးမြန်းခဲ့ပါတယ်။ နောက်ပြီးတော့လည်း ဒီမေးမြန်းတာကိုလည်း ပြည်ထောင်စုအစိုးရမှတစ်ဆင့်တင်ပြတဲ့အခါမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေဖြေကြားခဲ့တဲ့ အဖြေလွှာမိတ္တူကိုလည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကတစ်ဆင့် နစ်နာသူထံသို့လည်းကောင်း၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီသို့လည်းကောင်း ပေးပို့တင်ပြလာပါတယ်။ အဲဒီအဖြေလွှာနဲ့ပတ်သက်ပြီးလို့မှ ဥပဒေနဲ့အညီ ပြန်လည်ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိကအချင်းချင်း ဖြစ်ပွားစေခဲ့တဲ့ တရားမမှုခင်းများနဲ့ ပတ်သက်ပြီးတော့မှ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ခံဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနဲ့ သက်ဆိုင်ခြင်းမရှိဆိုတဲ့ ရှေ့နေချုပ်ရုံးမှ ဖြေကြားချက်သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၎င်းတို့ကို ဖြေကြားရန်ပေးပို့ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့သာ ပြန်လည်တင်ပြသင့်တဲ့ကိစ္စဖြစ်ကြောင်း ဒီမှာကျွန်တော်တင်ပြလိုပါတယ်။ နောက်တစ်ခု ပုဂ္ဂလိကဆိုတာမှာလည်း ပြည်သူပဲဖြစ်ပါတယ်။ ပြည်သူတစ်ယောက်ရဲ့ နစ်နာဆုံးရှုံးနေခြင်းကို ပြည်သူကရွေးချယ်တာဝန်ပေးထားတဲ့ လွှတ်တော်ကို မေးခွန်းများမေးမြန်းခဲ့ခြင်းဟာလည်းပဲ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈၊ ပုဒ်မ၂၁ ပုဒ်မခွဲ (က)နဲ့ ပုဒ်မ ၃၄၇ နှင့်အညီဆောင်ရွက်ခြင်းဖြစ်လို့ ဥပဒေနဲ့အညီ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီကိစ္စသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ခံဆောင်ရွက်ရတဲ့ လုပ်ငန်းမဟုတ်ကြောင်း ပြန်ကြားလာခြင်းဟာလည်းပဲ လျော်ကန်သင့်မြတ်မှုမရှိလို့ ထင်မြင်ယူဆကြောင်း တင်ပြလိုပါတယ်။ ဒီအမှုကိစ္စအတွက်ကို လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနသို့သာ မေးမြန်းခြင်းဖြစ်ခဲ့ပါတယ်။

ဝန်ကြီးဌာနက ၎င်းဌာနရဲ့ လက်အောက်မှာရှိတဲ့ မန္တလေးမြို့ စာချုပ်စာတမ်းရုံးမှာရှိတဲ့ စာချုပ်စာတမ်းရုံး ဦးစီးအရာရှိနဲ့ တာဝန်ရှိသူများဆောင်ရွက်ခဲ့တဲ့ တရားမအထူးအယူခံအမှု အမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)၊ အမှတ်စဉ်(၁၃)၊ အမှတ်စဉ်(၁၅/၂၀၀၂) ခုနှစ်ရဲ့ စီရင်ဆုံးဖြတ်ချက်ဖြစ်တဲ့ အချင်းဖြစ်မြေနဲ့ပတ်သက်ပြီးတော့မှ ၁၆-၉-၁၉၉၄ ခုနှစ်နောက်ပိုင်းတွင် ပိုင်ရှင်ဖြစ်သူ ဦးအောင်လှဝင်းထံမှ

နောက်ထပ် ကိုယ်စားလှယ်လွှဲစာအသစ် လွှဲပြောင်းမပေးမချင်း၊ ကိုယ်စားလွှဲပြောင်းရောင်းချ ပေးကမ်းခြင်းမပြုနိုင် ဆိုတဲ့ဆုံးဖြတ်ချက်ကို ဆန့်ကျင်ပြီးတော့မှ အဲဒီအချင်းဖြစ်တဲ့မြေကို ဒေါ်ကြည်မြိုင်ဆိုသူကနေပြီးမှ အထွေထွေကိုယ်စားလှယ်လွှဲစာ တရားမဝင်ထပ်ပေးတဲ့ ဒေါ်သင်းသင်းနွယ်ကနေပြီး ဦးသိန်းထွန်းဦး သို့လည်းကောင်း၊ ဦးသိန်းထွန်းဦးမှ ဦးဝင်းကျော်ကျော်အောင်ပါ ၃ ဦးသို့လည်းကောင်း လက်ဆင့်ကမ်းရောင်းချပေးခဲ့ခြင်းကို တရားမဝင်မှတ်ပုံတင်ပေးခဲ့တဲ့ စာချုပ်စာတမ်းများဦးစီးဌာန တာဝန်ရှိသူများရဲ့လုပ်ရပ်သည် ဥပဒေနဲ့ညီညွတ်မှုရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ အဆိုပါကိစ္စသည် အဓိကဆောင်ရွက်ရတဲ့ စာချုပ်စာတမ်းရုံးများရဲ့မိခင်ဌာနဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေဆိုပေးရန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်၍ အဆိုပါမေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဖြေကြားရန်တာဝန်ရှိတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ မေးမြန်းချက်အပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဆက်လက်ရှင်းလင်းတင်ပြပါမယ်။ တင်ပြသည့်အကြောင်းအရာပါ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက် အကွက်အမှတ် မ-၉၊ ဦးပိုင် ၁၉၊ ဧရိယာ ဝ.၃၄၄၃ ဧကရှိပြီး ၁၈-၁ဝ-၁၉၈၉ မှ ၁၇-၁ဝ-၂ဝ၁၉ ရက်နေ့ထိ နှစ် ၃ဝ မြေငှားဂရန် ဦးအောင်လှဝင်းအမည်ပေါက် မြေကွက်ကိစ္စဖြစ်ကြောင်းတွေ့ရှိရပါတယ်။ အဆိုပါမြေကွက်ကို ဦးအောင်လှဝင်းမှ ဒေါ်ကြည်မြိုင်သို့ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၆၇/၁၉၄၄) ဖြင့် လွှဲအပ်ခဲ့၍ ဒေါ်ကြည်မြိုင်မှ ဒေါ်ခင်စန်းမြထွဋ်သို့ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်(၄၆၉၃/၁၉၉၅) ဖြင့် ရောင်းချခဲ့ကြောင်း၊ ယင်းမြေကွက်ကိုပင် ဒေါ်ကြည်မြိုင်မှ ၂၄-၄-၁၉၉၅ ရက်နေ့တွင် ဒေါ်အုံးသို့ အရပ်ကတိစာချုပ်ဖြင့် ထပ်မံရောင်းချခဲ့ကြောင်းနှင့် ဒေါ်ကြည်မြိုင်မှပင် ၁၁-၁၁-၁၉၉၅ ရက်နေ့တွင် ဒေါ်ခင်စိန်သို့ စာချုပ်မှတ်ပုံတင်အမှတ်(၄၅၉၉/၁၉၉၅) ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ မြေကွက်ကို ရောင်းချသူနှင့် ဝယ်ယူ

သူတို့မှ ၎င်းတို့ပိုင်ဆိုင်ခွင့်အတွက် တရားရုံးအဆင့်ဆင့်တွင် ဖြေရှင်းဆောင်ရွက်ခဲ့ကြပြီး တရားရုံးချုပ် (မန္တလေးထိုင်)၏ ၂၀၀၂ ခုနှစ်၊ တရားမ အထူးအယူခံအမှုအမှတ် (၁)၊ (၂)၊ (၁၃)နှင့် (၁၅) တို့အရ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ယင်းမြေကွက်ကို ဒေါ်ကြည်မြိုင်သို့ လက်ရောက်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၎င်းနောက် ဒေါ်ကြည်မြိုင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိသူ ဒေါ်သင်းသင်းနွယ်မှ ဦးသိန်းထွန်းဦးသို့ ၆-၇-၂၀၀၇ ရက်နေ့တွင် ရောင်းချသောစာချုပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်ပေးရန်တင်ပြလာသဖြင့် ယာယီစာချုပ်အမှတ်(၁၄၈၁/၂၀၀၇)ဖြင့် မှတ်ပုံတင်ပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။

ယာယီမှတ်ပုံတင်ပေးထားသည့်အချိန်တွင် ယင်းမြေကွက်နှင့်ပတ်သက်၍ တရားရုံး၌ နှစ်ဖက်အငြင်းပွားမှုများရှိနေသဖြင့် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှ အပြီးသတ် မှတ်ပုံတင်ပေးခြင်းမပြုဘဲ တရားရုံးဆုံးဖြတ်ချက်ကို စောင့်ဆိုင်းခြင်း၊ မန္တလေးတိုင်းဥပဒေရုံးသို့ ယင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် တောင်းခံရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၁-၁၁-၂၀၀၇ ရက်နေ့တွင် မြေကွက်ဝယ်ယူထားသူ ဦးသိန်းထွန်းဦးမှ တရားရုံးစီရင်ချက်များ ပြီးပြတ်၍ ယာယီစာချုပ်အမှတ်(၁၄၈၁/၂၀၀၇)ကို ဆက်လက်ဆောင်ရွက်ပေးရန် တရားရုံးစီရင်ချက်များ ကိုးကားတင်ပြလျှောက်ထားလာသဖြင့် ၁၀-၅-၂၀၁၁ ရက်နေ့တွင် အပြီးသတ် မှတ်ပုံတင်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဦးသိန်းထွန်းဦးမှ အဆိုပါမြေကွက်ကို ဦးဝင်းကျော်ကျော်အောင်ပါ ၃ ဦးသို့ ဆက်လက်ရောင်းချခဲ့ပြီး မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ ၆-၂-၂၀၁၃ ရက်နေ့တွင် စာချုပ်ကို မှတ်ပုံတင်ပေးပါရန် တင်ပြလျှောက်ထားလာခဲ့ရာ ဒေါ်အုန်းမှ ကန့်ကွက်တင်ပြလာသည့်အတွက် ဥပဒေနှင့်အညီ တရားရုံးမှ ယာယီတားဝရမ်းရယူ၍ တင်ပြရန် အကြောင်းကြားခဲ့ရာ သတ်မှတ်ကာလအတွင်း ယာယီတားဝရမ်း တင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ဦးအောင်လှဝင်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ယဉ်ယဉ်သိန်းမောင်မှလည်း ကန့်ကွက်လွှာ တင်သွင်းခဲ့သဖြင့် ယာယီတားဝရမ်းတင်ပြရန် အကြောင်းကြားခဲ့ရာ သတ်မှတ်ကာလအတွင်း တရားရုံး၏ယာယီတားဝရမ်း တင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ ဦးဝင်းကျော်ကျော်အောင်ပါ ၃ ဦးမှ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလျှောက်ထားသည့်အတွက် စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့်အညီ အပြီးသတ်မှတ်ပုံတင်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေ၏ အမိန့်ဆင့်ဆိုချက်များ အခန်း(၄) အပိုဒ် ၃၅ ၌ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ရန်တင်သွင်းလာသော စာချုပ်စာတမ်းများတွင် ပါဝင်သည့် လွှဲပြောင်းပေးအပ်သော ပစ္စည်းများ၏ ပိုင်ဆိုင်ခွင့်ကို စစ်ဆေးမေးမြန်းရန် တာဝန်မရှိကြောင်းနှင့် စာချုပ်တွင်ပါဝင်သည့် ရေးသားဖော်ပြချက်များကို စာချုပ်ချုပ်ဆိုသူများမှ ဝန်ခံမှုရှိ/မရှိကိုသာ ကြည့်ရှုရန် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံတော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနချုပ်မင်းကြီးရုံး၏ ၂၉-၆-၁၉၆၂ ရက်စွဲပါစာအမှတ်၊ ၇၈၀/၄၇-၅ ဖြင့်လည်း မှတ်ပုံတင်သွင်းရန် လာရောက်သည့် စာချုပ်စာတမ်းများကို ၁၉၀၈ ခုနှစ် မှတ်ပုံတင်ဥပဒေပြဋ္ဌာန်းချက်ကြောင့် မဟုတ်ဘဲ အခြားအကြောင်းပြချက်များဖြင့် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်းမပြုရန် ညွှန်ကြားထားရှိပါတယ်။

သီးခြားသက်သာခွင့်ဥပဒေ၊ အခန်း(၅) ပုဒ်မ ၃၉ အရ စာဖြင့်ရေးသားသည့် စာချုပ်စာတမ်းများကို မဖျက်မသိမ်းဘဲထားလျှင် နစ်နာမှုရှိခြင်း၊ နစ်နာရန်အကြောင်းရှိနိုင်ခြင်းတို့ဖြစ်ပေါ်ပါက အကျိုးနစ်နာသူမှ စာချုပ်ပျက်ပြယ်စေရန် တရားစွဲဆိုရန် အခွင့်ရှိကြောင်းနှင့် သက်ဆိုင်ရာ တရားရုံးအဆင့်ဆင့်တို့က စာချုပ်စာတမ်းအတည်ဖြစ်စေခြင်း၊ ဖျက်သိမ်းစေခြင်းတို့ကို စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြထားပါတယ်။ မှတ်ပုံတင်ပြီးသော စာချုပ်စာတမ်းများအား တရားရုံးမှ ဖျက်သိမ်းပါက မှတ်ပုံတင်အရာရှိသည် စာချုပ်ကိုဖျက်သိမ်းပေးရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဖြစ်စဉ်တွင် မှတ်ပုံတင်ရန်တင်ပြလာတဲ့ စာချုပ်စာတမ်းကို စာချုပ်စာတမ်း ဥပဒေပြဋ္ဌာန်းချက်များ၊ တရားရုံးဆုံးဖြတ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးခြင်းသာဖြစ်ပြီး ယင်းကဲ့သို့ မှတ်ပုံတင်ထားသော စာချုပ်နှင့်ပတ်သက်၍ မကျေနပ်ပါက အကျိုးနစ်နာသူသည် သက်ဆိုင်ရာ တရားရုံးတွင် ယင်းစာချုပ်စာတမ်းကို သီးခြားသက်သာခွင့်ဥပဒေတွင် ပြဋ္ဌာန်းချက်နှင့်အညီ ဖျက်သိမ်းပေးရန် လျှောက်ထားဆောင်ရွက်နိုင်ပါတယ်။

သို့ဖြစ်ပါ၍ တင်ပြပါ မြေကွက်အရောင်းအဝယ်စာချုပ်များကို တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်များအရ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင် ဆောင်ရွက်ပေးခြင်းသာဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဖော်ပြမေးမြန်းထားသည့် အကြောင်းအရာမှာ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိမှ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့် ညွှန်ကြားချက်များအရ စာချုပ်မှတ်ပုံတင်ပေးရန် ငြင်းပယ်နိုင်သည့်အကြောင်းကိစ္စမဟုတ်ဘဲ သက်ဆိုင်သူများမှ တရားရုံးအဆင့်ဆင့်သို့သာတင်ပြ၍ ဆုံးဖြတ်ချက်ရယူပြီး တရားရုံး

၏ဆုံးဖြတ်ချက်အရသာဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ ဆက်စပ်မေးခွန်းတစ်ခု မေးမြန်းခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ တရားစီရင်ရေး၊ ဥပဒေရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှာ ဒီကနေ့အထိ တိုင်ကြားစာအမှုတွဲပေါင်း ၁၀၀၀၀ ကျော်လက်ခံရရှိထားပါတယ်။ အဲဒီအတွက်ကတော့ အမှုတွဲပေါင်း ၇၀၀၀ ခန့်ကို ကော်မတီက စိစစ်ပြီးမှ ဖတ်ရှုပြီးတော့မှ အချက်အလက် ပြည့်စုံတဲ့ဟာတွေကို သက်ဆိုင်ရာဌာနတရားရုံးများကို ဆက်လက်ပြီးမှ ညှိနှိုင်းပေးပို့ထားပါတယ်။ နောက် အမှုတွဲတိုင်စာပေါင်း ၄၀၀၀ ကျော်တို့ဖြင့် မဖတ်နိုင်သေးပါဘူး။ ကျွန်တော် ဒါကို လေ့လာဖို့ ဖြန့်ခွဲပေးထားတဲ့ အဆင့်ပဲရှိပါသေးတယ်။ ကျွန်တော် ဒါတင်ပြရတာကတော့ အမှုတွဲတွေကြည့်လိုက် လို့ရှိရင် အခုနက ၉၅ ရာခိုင်နှုန်းက တရားမမှုတွေဖြစ်ပါတယ်။ တရားမမှုတွေကြည့်လို့ရှိရင်လည်းပဲ မြေ၊ အဆောက်အဦ၊ ငွေကြေးနဲ့ နောက် အမွေကိစ္စတွေပတ်သက်တဲ့အမှုတွေဖြစ်ပါတယ်။ ဒီအမှုကလည်းပဲ ၁၉၉၄-၁၉၉၅ ကတည်းက ဖြစ်ခဲ့တဲ့၊ ဖြစ်နေတဲ့အမှုဖြစ်ပါတယ်။ ကျွန်တော် လိုရင်းအချုပ် တင်ပြရလို့ရှိရင် မြေပိုင်ရှင်က ဦးအောင်လှဝင်း ဖြစ်ပါတယ်။ ဦးအောင်လှဝင်းကနေပြီးမှ မန္တလေးက ဒေါ်အုန်းကို သူက တရားဝင်ရောင်းချပါတယ်။ ဒေါ်အုန်းအနေနဲ့ နားမလည်မှုကြောင့်လည်း ပါပါတယ်။ အခုနက ဒီရောင်းချမှုစာချုပ်ကို စာအုပ်ထဲမှတ်ပုံတင်နောက်ကျသွားတယ်လို့ သိရပါတယ်။ အဲ့ဒီအချိန်မှာ ဒီအခြေအနေကိုသိတဲ့ ဒေါ်ကြည်မြိုင်ကနေပြီးမှ ဦးအောင်လှဝင်းရဲ့ General Power၊ Special Power မရှိဘဲနဲ့ အခုနက ကိုယ်စားလှယ်လွှဲစာအတုနဲ့ နောက်ထပ်လူသုံးဦးကို ဆက်လက်ပြီးရောင်းချပါတယ်။ တရားရုံးအဆင့်ဆင့်မှာ တရားရင်ဆိုင်တဲ့အခါမှာ ပထမဆုံးဝယ်တဲ့ ဒေါ်အုန်းက အမှုရှုံးပါတယ်။ အမှုကို ကျွန်တော်တို့ အဆင့်ဆင့်အယူခံမှု၊ ပြင်ဆင်မှုတွေတက်ပါတယ်။ တက်တဲ့အခါကျတော့ အခုဆိုရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိ ရောက်နေပါတယ်။ တရားလွှတ်တော်ချုပ်ကိုလည်း ဒါကို တရားမျှတမှုရှိအောင် ကျွန်တော်တို့ အခုနကပေါ့။ ဒါကိုတော့ ပြန်လည်စိစစ်ပေးဖို့အတွက်ကို ကျွန်တော်ကနေ မေတ္တာရပ်ခံတင်ပြထားတာဖြစ်ပါတယ်။ အဲ့ဒီတော့ တစ်ဖက်ကကျတော့လည်းပဲ မန္တလေးတိုင်း၊ မန္တလေးမြို့မှာရှိတဲ့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးက အရာထမ်းဝန်ထမ်းတွေ တော်တော်များများကိုလည်း ဒီကိစ္စအပါအဝင် အလားတူကိစ္စများကြောင့်မို့လို့ ပြောင်းရွှေ့လိုက်ပြီလို့ ကျွန်တော်တို့အပြင် သတင်းကြားပါတယ်။ ရန်ကုန်မှာရှိတဲ့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကလည်းပဲ

ထိုနည်းလည်းကောင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေ ဒီလိုနစ်နာနေတဲ့ကိစ္စအပေါ်မှာ ဌာနဆိုင်ရာများအနေနဲ့ ဖိဖိစီးစီးကြပ်မတ်အရေးယူပေးဖို့နဲ့ အခုနက တရားမဝင်တဲ့ နောက်ထပ် စာချုပ်စာတမ်းမှတ်ပုံတင်ပေးမှုတွေကို ပယ်ဖျက်ပေးသင့်ပါကြောင်း ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော် ထပ်ပြီးမှ လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေနိုင်ရင်ဖြေပါ။ မဖြေနိုင်ရင်လည်းရပါတယ်။ ဒါ ကိစ္စဟာ ကျယ်ပြန့်တဲ့ ကိစ္စဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော် သက်ဆိုင်ရာကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကို မေးမြန်းပြီးတော့မှ ဒီအချက်တွေ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။ မေးမြန်းတဲ့နေရာမှာလည်း ကျွန်တော် အလွတ်သဘော မေးမြန်းခြင်းမဟုတ်ပါ။ ကျွန်တော် သုံးရက်တိတိ ဒီမေးခွန်းကိုရပြီးတဲ့အခါမှာ ဒါကို ကျွန်တော် သိချင်တဲ့အတွက်ကြောင့် ခေါ်ပြီးတော့ မေးတဲ့အခါမှာ ကျွန်တော့်ကိုတင်ပြတဲ့အမှုတွဲဟာ တစ်တောင်လောက် ရှိပါတယ်။ အားလုံး ဒီအမှုသွား အမှုလာတွေအားလုံး။ အဲ့ဒီတော့ ဒီအပေါ်မှာ နောက်ဆုံး ဒီကိစ္စကို ခြုံငုံတင်ပြရတာကတော့ သက်ဆိုင်ရာ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနနဲ့ပတ်သက်တဲ့ ဒီမြေစာရင်းမှတ်ပုံတင်ဌာနအနေနဲ့ သူ့ရဲ့သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း အတိုင်းလုပ်တယ်လို့ပဲ ကျွန်တော်တို့ သုံးသပ်ရရှိတဲ့အတွက်ကြောင့် ဒီအပေါ်မှာပဲ ကျွန်တော် ဖြေကြားခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် တိုးချဲ့ကျောင်းဆောင်သစ်အတွက် ရန်ပုံငွေခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဆိုင်ရာမေးခွန်း မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား စုစုပေါင်း ၁၈၁၇ ဦးရှိနေတဲ့အတွက် လက်ရှိစာသင်ခန်းနှင့်ကျောင်းသား ညီမျှမှုမရှိကြောင်း သိရှိရပါတယ်။ အဆိုပါစာသင်ခန်းလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ဖို့အတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ တိုးချဲ့ကျောင်းဆောင်သစ် ပေ ၁၂၀ x ၃၀၊ နံကပ်သွပ်မိုး နှစ်ထပ်အဆောက်အဦ ရန်ပုံငွေချထားပေးနိုင်ဖို့အတွက် သက်ဆိုင်ရာဌာနမှ အမှုတွဲများအဖြစ် တင်ပြလျှောက်ထားခဲ့သော်လည်း ယနေ့တိုင် ခွင့်ပြုငွေမရရှိသေးကြောင်း သိရှိရပါတယ်။ သို့ပါ၍ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းကို တိုးချဲ့ကျောင်းဆောင်သစ် အမှန်လိုအပ်နေတဲ့အတွက် ပညာရေးဝန်ကြီးဌာနရဲ့သတ်မှတ်ချက်နှင့်အညီ ပေ ၁၂၀ x ၃၀ RC နှစ်ထပ်ကျောင်းဆောင်သစ်အား ခွင့်ပြုရန်ပုံငွေချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက် ဒေသခံမိဘပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သထုံမြို့၊ အ.ထ.က(၃) နှစ်ထပ်ကျောင်းဆောင်ကြီးအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးစောဘသိန်း၊ သထုံမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပညာရေးအခန်းကဏ္ဍဖြစ်တဲ့ ကျောင်းဆောင်ကိစ္စနှင့်ပတ်သက်ပြီးတော့ တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သထုံ

မြို့နယ်မှာရှိတဲ့ အခြေခံပညာအမှတ်(၃)ကျောင်းဖြစ်တဲ့ ပဒုမ္မာနှစ်ထပ်ကျောင်းဆောင်ကြီးကို ၁၉၉၀ ခုနှစ်မှာ နိုင်ငံတော်ကတည်ဆောက်ပေးခဲ့ပါတယ်။ ယခုအခါမှာ ၎င်းကျောင်းဆောင်ကြီးဟာဆိုရင် အနှစ် ၂၀ ကျော်လာပြီဖြစ်ပြီးတော့ ကြံ့ခိုင်မှုများကောင်းမွန်ခြင်းမရှိတော့ပါဘူး။ ဒါကြောင့်မို့ သက်ဆိုင်ရာဝန်ကြီးဌာနမှလည်း ကျောင်းပြင်ဆင်စရိတ်များကိုလည်း တစ်ကြိမ်မျှချမှတ်ပေးခဲ့ခြင်း မရှိခဲ့ပါဘူး။ အခုအခါမှာ သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၎င်းကျောင်းဆောင်ကြီးကို အန္တရာယ်ရှိကျောင်းဆောင်ကြီးအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ထိုသို့ဖြစ်ခဲ့သည့်အတွက် သက်ဆိုင်ရာ ဦးစီးဌာနသို့ အကြီးစားပြင်ဆင်စရိတ်ကို မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် ၂၀၁၂ ခုနှစ်မှာတင်ပြတောင်းခံထားသည်ဟု သိရှိရပါတယ်။ သို့သော်လည်း ငွေလုံးငွေရင်းခေါင်းစဉ် ၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅ တို့မှာ ပါဝင်ခဲ့ခြင်းမရှိသေးပါဘူး။ လက်ရှိအနေအထားမှာလည်း ဓာတ်ပုံပါအတိုင်း အန္တရာယ်များရှိနေကြောင်းကို တွေ့ရှိရပါတယ်။

သို့အတွက်ကြောင့် အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ သထုံမြို့နယ်၊ သထုံမြို့ရှိ အ.ထ.က(၃) ပဒုမ္မာ နှစ်ထပ်ကျောင်းဆောင်ကြီးကို အသစ်ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင်တည်ဆောက်ပေးမည်၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်းက လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပထမဆုံး ကိုယ်စားလှယ် ဦးစိုးစိုးရဲ့မေးခွန်းနှင့်ပတ်သက်လို့ စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးခေါင်းစဉ်အောက်မှ အန္တရာယ်ရှိကျောင်း ငါးကျောင်း၊ ဥပမိရုပ်မကောင်းသောကျောင်း ငါးကျောင်း၊ သိပ္ပံ တစ်ကျောင်း၊ မူကြို ခုနစ်ကျောင်း၊ လွှတ်တော်

ကိုယ်စားလှယ်မှတင်ပြ တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၁၉ ကျောင်းအတွက် ငွေကျပ် ၆၁၅.၆ သန်း လျာထားတင်ပြဆောင်ရွက်ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် လိုအပ်လျက်ရှိသော ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မူကြိုကျောင်းဆောင် ၆၀ ပေ x၃၀ ပေ၊ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောက်လုပ်ရန် ငွေကျပ် ၂၁.၆၀ သန်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားတင်ပြပြီးဖြစ်ပါသဖြင့် အဆိုပါကျောင်းတွင် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အစီအစဉ်မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။

မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းရဲ့မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော်မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုယ်စားလှယ်တင်ပြလာသော သထုံမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ၁၃၀ ပေ x၃၀ ပေ နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ပေးရန်အတွက် လိုအပ်သော ရန်ပုံငွေကျပ် ၁၂၄.၈၀ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားချက်စာရင်းတွင် လျာထားတင်ပြပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဗဟိုဌာနမှ ဝန်ထမ်းများအား လေ့ကျင့်ပေးမှုပြုသည်ဆိုပါလျှင် အဆင့်အတန်းအားလုံး အကျုံးဝင်မှုရှိ၊ မရှိနှင့် နှစ်စဉ် မည်သို့သောအစီအမံများချမှတ်ပြီး လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးလှနိုင်၊ တပ်မတော်သားကိုယ်စားလှယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးလှနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံးကို ဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှနိုင် ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရဲ့အခြေခံမောင်းနှင်အားဟာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပဲ ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဟာ ၎င်းနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်

အကောင်အထည်ဖော်တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်အောင် တည်ဆောက်နေတဲ့အချိန်အခါမှာ နိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို လေ့ကျင့်ဆောင်ရွက်ပေးမှုတွေဟာလည်း အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်လျက်ရှိပါတယ်။ ဒီလိုလေ့ကျင့်ဆောင်ရွက်ပေးရာမှာ နိုင်ငံခြားဘာသာစကားများ ကျွမ်းကျင်စွာ တတ်မြောက်အောင် ဆောင်ရွက်ပေးခြင်း၊ အထူးသဖြင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ခြင်းဟာ သိပ္ပံနည်းပညာနှင့် စီမံအုပ်ချုပ်မှုနယ်ပယ်တွေမှာ တစ်ဦးချင်းအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်သော်လည်းကောင်း အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ရည်ရွယ်ပြီး ပညာရေးဝန်ကြီးဌာနအစီအစဉ်နဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဗဟိုဌာန( Human Resource Development Center) ကို ဖွင့်လှစ်ပြီး နိုင်ငံ့ဝန်ထမ်းများအတွက် အင်္ဂလိပ်ဘာသာစကားကို အဓိကထားပြီး လေ့ကျင့်သင်ကြားပေးနေတယ်လို့ သိရပါတယ်။ ၎င်းဘာသာစကားအပြင် မည်သည့်နိုင်ငံခြားဘာသာစကားများကိုလည်း ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးနေပါသလဲ။ ကွန်ပျူတာသင်တန်းများကိုလည်း လေ့ကျင့်သင်ကြားပေးရန် အစီအစဉ်ရှိပါသလား။ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးနေသည်ဆိုပါလျှင် အဆင့်အတန်းအားလုံးကို လေ့ကျင့် သင်ကြားပေးရန် အစီအစဉ်ရှိပါသလား။ နှစ်စဉ် မည်သို့သော အစီအမံများချမှတ်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှနိုင်ရဲ့မေးခွန်းနှင့်ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနကိုယ်စားကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန( Human Resource Development Center) HRD ကို

၁၉၉၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် HRD အစီအစဉ်ဖြင့်ဖွင့်လှစ်သော အင်္ဂလိပ်စာ သင်ကြားမှုဘာသာရပ်အပြင် ကွန်ပျူတာတတ်ကျွမ်းမှုသင်တန်းများကိုပါ ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ သင်တန်းအစီအစဉ် ၂၀၀ ခုဖြင့် ဘွဲ့၊ ဒီပလိုမာလက်မှတ်ရသင်တန်းများကို ဖွင့်လှစ်ပြီး သင်တန်းသားပေါင်း ၂၅၇၇၆၇ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အဆိုပါသင်တန်းများတွင် ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများအပြင် အခြားပြင်ပမှ စိတ်ဝင်စားကြသော သတ်မှတ်ထားသည့် အရည်အချင်းနှင့်ကိုက်ညီသူများ တက်ရောက်သင်ကြားနိုင်ပါတယ်။ ထို့အပြင် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်များမှ အွန်လိုင်းစနစ်ဖြင့် ဘွဲ့၊ ဒီပလိုမာ၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိပါတယ်။ Web-Based Teaching System များသည် နိုင်ငံတကာတွင်အသုံးပြုလျက်ရှိပြီး လုပ်ငန်းခွင်မှ ပညာဆက်လက်ဆည်းပူးလိုသူများ၊ စာသင်ခန်းတွင်အချိန်ပြည့် မတက်ရောက်နိုင်သူများအတွက် ဖြည့်ဆည်းပေးနိုင်သည့် စနစ်တစ်ခုဖြစ်ပြီး Web-Based Teaching System စနစ်သည် ICT နယ်ပယ်တွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့်စနစ်လည်း ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် HRD အစီအစဉ်ဖြင့် ICT နှင့်သက်ဆိုင်သည့်သင်တန်းများကို ရန်ကုန်တက္ကသိုလ်တွင် Web-Based Teaching System for MSC( Computer Science)၊ Post- Graduate Diploma in Computer Application၊ Web-Based Teaching System for Diploma in Computer Science၊ Post- Graduate Diploma in Computer Science ရန်ကုန်တက္ကသိုလ်တွင် (Post- Graduate Diploma in Multimedia Arts)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် Web-Based Teaching System for LLB၊ Web-Based Teaching System for Diploma in Law၊ ဒဂုံတက္ကသိုလ်တွင် (Basic Computer Training)၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (Post-Graduate Diploma in Multimedia Arts)၊ မန္တလေးနိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် (Basic Computer Training၊ Advanced Computer Training)၊ တောင်ငူတက္ကသိုလ်တွင် (Diploma in Software Engineering)၊ ပြည်တက္ကသိုလ်တွင် (Diploma in Computer Studies) နှင့် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)တွင် (Diploma in Information Technology)

သင်တန်းများအား နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ သင်္ဘောများသွားလာရာတွင် မြစ်ကြောင်းကျဉ်း၍ အခက်အခဲများရှိနေပါသဖြင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသန်းဝင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း(ကျိုက်လတ်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုက်လတ်မြို့နယ် အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိသော အခြားမြို့နယ်များအကျိုးအတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးဟာ မြစ်ချောင်းများဖြင့် ဖွဲ့စည်းထားသောဒေသဖြစ်ပါတယ်။ ယခင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်မှသာ ကားလမ်းများပေါ်ပေါက်လာခဲ့ပါတယ်။ ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်အားလုံး ကားလမ်းများဖြင့် သွားလာ၍ရပြီ ဖြစ်ပါတယ်။ ယခင် ကျိုက်လတ်မြို့မှ ရန်ကုန်မြို့သို့ ရေယာဉ်ဖြင့် ၇ နာရီခန့်သွားလာရပါတယ်။ ယခုအခါ ရန်ကုန်မြို့သို့ ကားဖြင့် ၂ နာရီခွဲခန့်ဖြင့် သွားရောက်နိုင်ပြီဖြစ်ပါတယ်။ သို့သော် ဒေသထွက် ဆန်စပါး၊ အုန်း၊ ငှက်ပျော၊ ဆား၊ စားသောက်ကုန်ပစ္စည်းများအား သင်္ဘောများဖြင့်သာ ရန်ကုန်မြို့သို့ ပို့ဆောင်နေရပါတယ်။ သို့အတွက်ကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်ပိုင် သမြတ်ပင် ကျေးရွာအုပ်စု ကျောက်တိုင်စုကျေးရွာရှိမြစ်ကြောင်းတွင် တစ်မိုင်ခန့် သောင်ထွန်းနေခြင်း၊ လင်းတွန်ကျေးရွာနှင့် ဒါနချောင်းကျေးရွာကြားတွင် မြစ်ကြောင်း ၆၀ ပေခန့်ရှိ၍ ၆ ဖာလုံခန့် သောင်ထွန်းနေခြင်း၊ ဒါနချောင်းကျေးရွာမြစ်ဝစုံတွင် မြစ်ကြောင်း ၅၀ ပေခန့်ရှိ၍ သောင်ထွန်းနေခြင်းကြောင့် ကျိုက်လတ်-ရန်ကုန်သင်္ဘော ၁၉ စီး၊ ဖျာပုံ-ရန်ကုန် ၂၀ စီး၊ ဘိုကလေး-ရန်ကုန် ၁၄ စီး၊ မော်လမြိုင်ကျွန်း-ရန်ကုန် ၃၁ စီးနှင့် လပွတ္တာမြို့မှ အခြားသင်္ဘောများ နေ့စဉ်သွားလာမှုများတွင် အခက်အခဲများဖြစ်နေပါ၍ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုပါသောကြောင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇင်ယော်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းမှ ပြည်သူ့လွှတ်တော်သို့ တင်ပြထားသည့်မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ သင်္ဘောများသွားလာရာတွင် မြစ်ကြောင်းအကျယ် ကျဉ်းမြောင်း၍ သောင်ထွန်းနေခြင်းကြောင့် အခက်အခဲများရှိနေသော မအူပင်မြို့နှင့် ကျိုက်လတ်မြို့အကြား တိုးမြစ်နှင့် ကျိုက်လတ်မြစ်ကို ဆက်သွယ်ထားသော ဖိုးတုတ်ဝ မြစ်ရေလမ်း ပိုင်းအတွင်း တည်ရှိပါတယ်။ အဆိုပါ ရေလမ်းကြောင်းသည် ရန်ကုန်-ပုသိမ် ရေယာဉ်လမ်းကြောင်း ပေါ်တွင် ပါဝင်ခြင်းမရှိသည့်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတ်မှတ်ရေးလုပ်ငန်း ပုံမှန်ဆောင်ရွက်ပေးလေ့ရှိသော နေရာမဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြပ်တည်းရေလမ်းကြောင်းများ အခြေအနေကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း တိုင်းတာစစ်ဆေးချက်အရ အဆိုပါနေရာများသည် သဲသောင်များဖြစ်ထွန်းပိတ်ဆို့လာမှုကြောင့် အမှန်တကယ် ကျဉ်းမြောင်းကြပ်တည်းသော ရေလမ်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ဖိုးတုတ်ဝကျေးရွာအနီးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၁၉၉၂-၁၉၉၃ ခုနှစ်တွင် သောင်တူးလုပ်ငန်း ၉၁၀၆၄ ကုဗမီတာ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်နောက်ပိုင်းတွင် ရန်ပုံငွေခွဲဝေရရှိမှု အခြေအနေအရ ဖိုးတုတ်ဝချောင်း ရေလမ်းကြောင်းအား ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သောင်တူးလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါ။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ပုံမှန်ဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများကို နှစ်အလိုက်ရရှိသော ရန်ပုံငွေအားခွဲဝေ၍ မဖြစ်မနေအရေးကြီး ဆောင်ရွက်

သင့်သော နေရာများကို အဓိကဦးစားပေး ဆောင်ရွက်နေရသဖြင့် သောင်တူးပေးနိုင်ခြင်းမရှိသေးဘဲ လတ်တလော အန္တရာယ်ကင်းစေရေးအတွက် ဖိုးတုတ်ဝရေလမ်းကြောင်းတွင် ရေလမ်းညွှန်အမှတ် အသားပြသ၍ ယာယီထိန်းသိမ်း ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေး ဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ဖြစ်သော ၂၉-၇-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ လိုအပ်က ပြည်ထောင်စုအဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘော ထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၂၆၅ ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါ တယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း

ကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ကိုယ်စား လေးစားစွာ တင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ရန် လေးစားစွာ တင်ပြရလျှင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၇-၉-၂၀၁၄ ရက်နေ့နှင့် ၂၆-၉-၂၀၁၄ ရက်နေ့များတွင် ပြင်ဆင်ချက်အဆိုတင်သွင်းသည့် ဖော်ပြပါ ဦးရဲထွန်း၊ ဒေါ်ခင်စန်းလှိုင်တို့နှစ်ဦးနှင့် အတူ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူညီချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက် ၂၆၅ ချက်အား လွှတ်တော်ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားများဖြင့် ကျွန်တော်တို့ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ လွှတ်တော်ရဲ့အချိန်ကို ငဲ့ကွက်သောအားဖြင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်အတည်ပြုရန် တင်ပြသော ၂၆၅ ချက်အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အချိန်ကိုလေးစားသောအားဖြင့် လွှတ်တော်ကို အတည်ပြုခိုင်းထားပါတယ်။ သို့ရာတွင် အသေးစိတ်မဟုတ်တောင် စာမျက်နှာအလိုက် အမှတ်စဉ်များကို ဖော်ပြပြီးတော့ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကို တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား အပိုဒ် ဥပဒေခေါင်းစီး ဖြစ်ပါတယ်။ အမှတ်စဉ် ၂ နိဒါန်းအား အခန်း(၂) ရည်ရွယ်ချက်အဖြစ် ပြင်ဆင်ခြင်းနှင့် အပိုဒ် ၄ စာတည်း အပိုဒ် ၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ်ခွဲ(ဃ)။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အသစ်ဖြည့်စွက်ချက် အပိုဒ် ၃ အပိုဒ်ခွဲ(ခ) အသစ်ဖြည့်စွက်ချက်အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဠ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဏ)၊ အပိုဒ်ခွဲ(တ)၊ အပိုဒ်ခွဲ(ထ)၊ အပိုဒ်ခွဲ(ဒ)၊ အပိုဒ်ခွဲ(ဓ)၊ အပိုဒ်ခွဲ(န)၊ အပိုဒ်ခွဲ(ဖ)။ အခန်း(၂) အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)။ အခန်း (၃) အပိုဒ် ၈ စာတည်း အပိုဒ် ၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ) အသစ်ဖြည့်စွက်ချက် အပိုဒ် ၉။ အခန်း(၄)အပိုဒ် ၁၀ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊

အပိုဒ်ခွဲငယ်(၄) အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အပိုဒ် ၁၂ အပိုဒ်ခွဲ (ဃ) မူလအပိုဒ် ၁၁ အပိုဒ်ခွဲ (င)အားပယ်ဖျက်ခြင်း၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)။ အပိုဒ် ၁၄ စာတည်း အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ) မူလအပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)အား ပယ်ဖျက်ခြင်း အပိုဒ် ၁၅။ အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ပ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ခွဲ(ဂ)၊ အပိုဒ် ၂၀ စာတည်းအပိုဒ် ၂၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၅)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ် ၂၃ စာတည်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၂၅ စာတည်း အပိုဒ် ၂၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၂၆ စာတည်း အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ (ဍ)၊ အပိုဒ်ခွဲ ၂၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် ၂၊ ၄၊ ၅၊ အပိုဒ်ခွဲငယ် ၈ အသစ်ဖြည့်စွက်ချက်၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် ၁ အပိုဒ် ၃၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဃ) အပိုဒ် ၃၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၂ အသစ်ဖြည့်စွက်ချက်၊ အပိုဒ် ၃၃။ အခန်း (၈) အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ) အသစ်ဖြည့်စွက်ချက်၊ အခန်း (၁၀) ခေါင်းစဉ် အပိုဒ် ၃၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ မူလအပိုဒ် ၃၄ အပိုဒ်ခွဲ(ဃ)အား ပယ်ဖျက်ခြင်း၊ အခန်း (၁၀) အပိုဒ် ၃၇ အသစ်ဖြည့်စွက်ချက်အပိုဒ် ၃၈ နှင့် အပိုဒ် ၃၉၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ် ၄၀၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၅)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲငယ်(၇)၊ အပိုဒ်ခွဲငယ်(၈)၊ အပိုဒ်ခွဲငယ်(၉)၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(ဂ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၁၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ မူလအပိုဒ် ၃၇ အပိုဒ်ခွဲ(ဃ)အား ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၄၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၄၄ စာတည်း၊ အပိုဒ် ၄၅ မူလအပိုဒ် ၄၅ အားပယ်ဖျက်ခြင်း၊ အပိုဒ် ၅၄။ အခန်း(၁၁) အပိုဒ် ၅၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၇ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)၊ မူလအပိုဒ် ၄၉ အပိုဒ်ခွဲ(ဂ) နှင့် အပိုဒ်ခွဲ(င)တို့အား ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅၈။ အခန်း (၁၂) အပိုဒ် ၅၉၊ အပိုဒ် ၆၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊

**မူကြမ်း**

အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)နှင့် အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၆၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၆၃၊ အပိုဒ် ၆၄။ အခန်း (၁၃) အပိုဒ် ၆၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဋ) မူလအပိုဒ် ၅၈ အပိုဒ်ခွဲ(ခ)အား ပယ်ဖျက်ခြင်း၊ အပိုဒ် ၆၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၆၈ အပိုဒ်ခွဲ(က) အပိုဒ် ၆၉။ အခန်း (၁၄) အပိုဒ် ၇၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၇၃။ အခန်း (၁၅) အပိုဒ် ၇၄၊ အပိုဒ် ၇၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၆ အပိုဒ် ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၁)နှင့် အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)နှင့် အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၅)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ် ၇၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၇၈ အပိုဒ်ခွဲ(ဂ) အပိုဒ် ၇၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၈၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၈၂၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)။ အခန်း (၁၆) အပိုဒ် ၈၄၊ အပိုဒ် ၈၅၊ အပိုဒ် ၈၆၊ အပိုဒ် ၈၇၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀။ အခန်း (၁၇) အပိုဒ် ၉၂၊ အပိုဒ် ၉၄။ အခန်း(၁၈) အပိုဒ် ၉၆၊ အပိုဒ် ၉၇ မူလအပိုဒ် ၉၀ အားပယ်ဖျက်ခြင်း၊ အပိုဒ် ၉၉ မူလအပိုဒ် ၉၂ အားပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၃၊ အပိုဒ် ၁၀၄ အပိုဒ်ခွဲ(ခ) အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၀၄ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၀၅၊ ဇယားပါ ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက် များအား အခန်း(၁၀) ဘဏ္ဍာရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များ အခန်းသို့ပြောင်းရွှေ့ခြင်း၊ ဇယားအမှတ်စဉ်(၁) အပိုဒ် ၄၇၊ ဇယားအမှတ်စဉ်(၂) အပိုဒ် ၄၈၊ ဇယား အမှတ်စဉ်(၃) အပိုဒ် ၄၉၊ ဇယားအမှတ်စဉ်(၄) အပိုဒ် ၅၀ ဇယားအမှတ်စဉ်(၅)(က) အပိုဒ် ၅၁ အပိုဒ်ခွဲ(က)၊ ဇယားအမှတ်စဉ်(၅)(ခ) အပိုဒ် ၅၁ အပိုဒ်ခွဲ(ခ)၊ ဇယားအမှတ်စဉ်(၅)(ဂ) အပိုဒ် ၅၁ အပိုဒ်ခွဲ(ဂ)၊ ဇယားအမှတ်စဉ်(၅)(ဃ) အပိုဒ် ၅၁ အပိုဒ်ခွဲ(ဃ)၊ ဇယားအမှတ်စဉ်(၆) အပိုဒ် ၅၂၊ ဇယားအမှတ်စဉ်(၇) အပိုဒ် ၅၃ အပိုဒ်ခွဲ(က)၊ ဇယားအမှတ်စဉ်(၈) အပိုဒ် ၅၃ အပိုဒ်ခွဲ(ခ)တို့အား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်တင်ပြချက် ဖော်ပြပါ ၂၆၅ ချက်အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အတည်ပြုချက် ၂၆၅ ချက်ရှိကြောင်း လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ဥပဒေ

ကြမ်းကော်မတီအနေနဲ့ ၁၇-၉-၂၀၁၄ ရက်နဲ့ ၂၆-၉-၂၀၁၄ ရက်များမှာ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးများရဲ့ သဘောတူညီချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အတည်ပြုချက် ၂၆၅ ချက်ကို ဥပဒေကြမ်းကော်မတီက အတည်ပြုပေးဖို့ တင်ပြသွားခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၂၆၅ ပိုဒ်ကို ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် သဘောတူပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၂၆၅ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၂၆၅ ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ပြင်ဆင်ချက်သုံးချက်ကို တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ဒေါ်ခင်စန်းလှိုင်မှ ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယားကို ရည်ညွှန်းပြီးတော့ တင်ပြပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ အချက်(၃)ချက် ကျွန်မ ပြင်ဆင်ထားတာရှိပါတယ်။ ဒီ (၃)ချက်စလုံးကို ကျွန်မ ဆက်တိုက် တစ်ခါတည်း ပြင်ဆင်တဲ့အတိုင်း ကျွန်မတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမှတ်စဉ် ၄၊ အခန်း(၂)မှာဆိုလို့ရှိရင် ကျွန်မ ပုဒ်မ ၄ ရဲ့ ဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်ဆိုပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ပတ်သက်ပြီးတော့ ပုဒ်မ ၄၊ အပိုဒ်(င)မှာ ပါဝင်တဲ့အချက်တွေဟာ အပိုဒ်(က)မှာ ပါဝင်ပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ပုဒ်မ(က)မှာ တပေါင်းတည်း ဖြည့်စွက်ပြင်ဆင်ပြီးတဲ့နောက်မှာ ကျွန်မ ပြင်ဆင်ထားတဲ့အချက်ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ဆိုပြီး ပြင်ဆင်ထားပါတယ်။ ဒီအချက်ကိုလည်း ကျွန်မတို့ ညှိနှိုင်းပြီး ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ချက်ခြင်းသွားလိုက်ပါမယ်။ အခု ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း သဘောတူကြောင်း တင်ပြပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်က ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်ချက်အဆိုအား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက် အပိုဒ် ၄ အား အတည်ပြုကြောင်း ကြေညာပါတယ်။ ဆက်လက်တင်ပြပါ။ စာမျက်နှာကို အရင်ဖော်ပြပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ စာမျက်နှာ ၆၊ အမှတ်စဉ် ၃၁၊ အခန်း(၂) အပိုဒ် ၈ အပိုဒ်ခွဲ(က)ကို ကျွန်မအနေနဲ့ မူလဥပဒေပြဋ္ဌာန်းချက်မှာ ဖော်ပြထားတဲ့အတိုင်းကနေ ပြင်ဆင်ထားပါတယ်။ ကျွန်မပြင်ဆင်တာကတော့ အပိုဒ် ၈

အပိုဒ်ခွဲ(က) ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား ပဋိညာဉ်စာချုပ်ချုပ်ဆိုစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်ဟု ကျွန်မပြင်ဆင်ပါမယ်။ ပြင်ဆင်ရတဲ့ အကြောင်းအရင်းကတော့ နိုင်ငံတကာမှာ အစိုးရအဖွဲ့အစည်းတွေဟာ ပြည်သူလူထုကိုယ်စား နိုင်ငံ့အကျိုးအတွက် စီးပွားရေးလုပ်ငန်းတွေကို ဥပဒေစည်းမျဉ်းစည်းကမ်းများ လိုက်နာစေဖို့အတွက် ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့နေရာမှာလည်း အစိုးရဘဏ္ဍာငွေနဲ့ပဲ လည်ပတ်ရမှာဖြစ်သလို အစိုးရဝန်ထမ်းများကပဲ တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ အစိုးရပိုင်စီးပွားရေးလုပ်ငန်းအနေနဲ့ဖြစ်စေ၊ ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ငန်းဖြစ်စေ လုပ်ဆောင်ပိုင်ခွင့်မရှိစေရပါ။ ဒိုင်လူကြီးအနေဖြင့်ပဲ လုပ်ပိုင်ခွင့်ရှိပါတယ်။ ဒါ့ကြောင့် ဆိပ်ကမ်းအာဏာပိုင်ဟာ Regulator အုပ်ချုပ်သူ၊ စည်းကမ်းထိန်းသိမ်းသူပဲ ဖြစ်ရပါမယ်။ Opertor စီးပွားလုပ်ကိုင်သူမဖြစ်စေရပါ။ ဒါ့ကြောင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့တွေကို Corporatization အသွင်ပြောင်းတဲ့အခါမှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သာမက ကျန်အစိုးရပိုင် စီးပွားရေးလုပ်ငန်းတွေကို အသွင်ပြောင်းလဲတဲ့နေရာမှာလည်း တင်းတင်းကျပ်ကျပ်လိုက်နာရန် လိုအပ်တဲ့အတွက် ဒီအပိုဒ်ကိုပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒါကိုလည်း ညှိနှိုင်းပြီးဖြစ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန အနေနဲ့ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနဲ့ ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်။ ဒါကြောင့် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်ရဲ့အဆို အပိုဒ် ၈ အပိုဒ်ခွဲ(က) အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ရှင်။ ကျွန်မအနေနဲ့ စာမျက်နှာ ၂၂ အမှတ်စဉ် ၁၀၉ မှာ အသစ်ဖြည့်စွက်ချက်တစ်ချက် ထည့်ထားပါတယ်။ အဲ့ဒီအသစ် ဖြည့်စွက်ချက်ကတော့ ပုဒ်မ ၃၀ အပိုဒ် (ဃ) ၎င်းအား မခန့်ထားမီကာလက လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေးအကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးခံစားခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်ဟု ကျွန်မအနေနဲ့ အသစ်ဖြည့်စွက်ထားပါတယ်။ ဖြည့်စွက်ရတဲ့ အကြောင်းရင်းကတော့ ပုဒ်မ ၃၀ ပုဒ်မခွဲ(ဃ)ဟာ မူလပြဋ္ဌာန်းထားတဲ့ ဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) တို့နှင့် အကျိုးစီးပွားခြင်းဆိုင်ရာငြိစွန်းမှု Conflict Interest ဖြစ်နေတဲ့အတွက် ကြောင့်မို့လို့ မူလဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(ဃ) ကိုပယ်ဖျက်ပြီးတော့ အသစ်ဖြည့်စွက်ချက်အဖြစ် ပုဒ်မ ၃၀ ပုဒ်မခွဲ(ဃ) အဖြစ် အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ ကျွန်မ ညှိနှိုင်းပြီးဖြစ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက်အား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနက သဘောတူပါသလား။

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေး ဝန်ကြီးဌာနအနေနဲ့ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက်အား သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဥပဒေကြမ်းကော်မတီက သဘောတူကြောင်းတင်ပြထားပါတယ်။ ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## )ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၆)ရက် မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၄-၁၀-၂၀၁၄ (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]